mgyoe.com
စိတ်ကူးချိုချိုအနုပညာ


# ဖြည်နိုင်


# မောင်ကျန်တစ်တို့ အပါအဝင်




## မြန်မာစကားပုံ ပုံပြင်များ



mgyoe.com





KN0002

1,000.00 KS

မောင်ကျွန်တစ်တို့ အပါအဝင် မြန်မာစကားပုံ ပုံပြင်များ ကြည်နိုင်
မျက်နှာဖုံးပန်းချီ - ငွေကြည်၊ အတွင်းသရုပ်ဖော် - စောမင်းဝေ
စာမျက်နှာ ၁၆၉ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မောင်ကျန်တစ်တို့ အပါအဝင် မြန်မာစကားပုံ ပုံပြင်များ

## ကြည်နိုင်

တတိယအကြိမ်၊ ၂၀၁၇ ၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– မောင်ကျန်တစ်တို့အမှာ ... က
၁။ အတုမြင် အတတ်သင် ... ၂
၂။ မချိုလို့သွားဖြဲ ရယ်သလားမေး ... ၇
၃။ အမာရွတ်မြင်တိုင်း မပျော်သတိရ ... ၁၂
၄။ စကားလွန် ကျွန်ဖြစ် ... ၁၈
၅။ တစ်ရွာတစ်ကျီဆောက်၊ အိမ်နောက်ဖေး ဈေးဆိုင်တည် ... ၂၄
၆။ ကိုယ်ကို ချုပ်သော်လည်း နှုတ်မစောင့်က ဘေးတွေ့ရ ... ၂၉
၇။ အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ် ... ၃၃
၈။ ကျီစား ကျီစားနဲ့ အဆစ်မြုပ် ... ၃၈
၉။ ထင်သာထင် မဝင့်ဘူး ကျောင်းအမ ... ၅၀
၁၀။ သူတော်ကောင်း နတ်ကောင်းမ ... ၅၄
၁၁။ နာလည်းနာ နံ့လည်းနံ့ ... ၅၉
၁၂။ ကဏန်းကြီး နှစ်ခါလျှောက် ... ၆၃
၁၃။ ကာလံ ဒေသံ အဋ္ဌံ ဓနံ ... ၆၇
၁၄။ သူ့ဆန်စား ရဲရသည် ... ၇၁
၁၅။ ဆင်ခြေဆင်လက် သက်သေသက်ကန် ... ၇၆


mgyoe.com

mgyoe.com

၁၆။ မဘက်လိုက် မိုက်ဘက်ပါ ၇၀
၁၇။ လင်းနို့ခွန်တောင်းတော့ ကြွက်
ကြွက်ခွန်တောင်းတော့ လင်းနို့ ၈၆
၁၈။ ဘုမသိ ဘမသိ ၉၁
၁၉။ ပြောမယုံ ကြုံဖူးမှသိ ၉၈
၂၀။ အမေမှာ မှာတဲ့အတိုင်း ၁၀၄
၂၁။ တရားခက်သော် ရက်ရှည်သွေး၍
ဖြည်းဖြည်းစီရင်ရာ၏ ၁၀၈
၂၂။ ဓားနှင့်ဆား လဲသလို ၁၁၄
၂၃။ မောင်ကျန်တစ်တို့ ၁၁၉
၂၄။ ပညာရှိ သတိဖြစ်ခဲ ၁၂၅
၂၅။ အိုးတော်လုပ် ဖုတ်ရင်းကမကျက်
သူတစ်ပါးမနာလို ကိုယ်အကျိုးပျက် ၁၃၀
၂၆။ ငရဲပန်း ရွှေပန်းမှတ်၍ပန် ၁၃၄
၂၇။ မှန်ရာပြောသစ္စာ ၁၄၀
၂၈။ ဥမကွဲ သိုက်မပျက် မြွေမသေ တုတ်မကျိုး
ရေမနောက် ကြာမလျှောက် ၁၄၅
၂၉။ လက်ညှိုးမကောင်း လက်ညှိုးဖြတ် ၁၅၀
၃၀။ မိဖုရားမောင် ခွေးကြည့်ခိုင်းသလို
မသေချာ ခါခါမော ၁၅၅
၃၁။ စိတ်နှစ်လိုသော် တောင်ပို့ လက်ရှစ်က၏ ၁၆၀
၃၂။ တစ်လုတ်စားဖူး သူ့ကျေးရူး ၁၆၆

■

mgyoe.com

mgyoe.com

# မောင်ကျန်တစ်တို့ အမှာ

ယခု 'မောင်ကျန်တစ်တို့ အပါအဝင် အခြား မြန်မာစကားပုံ ပုံပြင်များ'သည် ကျွန်တော် စုဆောင်းရှာဖွေသည့် စကားပုံ ပုံပြင် ဒုတိယစာအုပ် ဖြစ်ပါသည်။ ပထမစာအုပ်ကို ၁၉၉၇၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့ပေသည်။ ပထမအုပ်နှင့် ဒုတိယအုပ်ကြား သုံးနှစ်ကျော်ခြားခဲ့သည်။ နောက် တတိယအုပ် 'နံ့စုတ်ငှက်ငယ် ပညာကြွယ်'လည်း ဆက်လက်ထွက်ရှိပါလိမ့်မည်။ စာမူအနေဖြင့်မူ ၁၉၉၆ ဝန်းကျင်ကပင် သုံးတွဲစလုံး ပြီးစီးနေခဲ့ပါသည်။ စာတစ်အုပ်ဖြစ်ရန်၊ စာဖတ်ပရိသတ် လက်ထဲရောက်ရန် အခက်အခဲများစွာကို ကျော်ဖြတ်ရပါသည်။

အခက်အခဲများအကြောင်းကို ဤအမှာတွင် မပြောလိုပါ၊ ဤပုံပြင်များ မည်သို့ ရှာဖွေခဲ့ရသည်ကိုသာ အမြွက်မျှ ပြောပါရစေ။

ကျွန်တော်တို့၏ ကလေးဘဝသည် အဘွားရင်ခွင်တွင် တအင်းအင်းနှင့် အင်းလိုက်၍ ပုံပြင်နားထောင်ရသည့် အရသာသည် ဘယ်အခါမှ မမေ့နိုင်အောင်ပင် ဖြစ်ပါသည်။ ကျောင်းနေသည့်အခါ၊ အရွယ်ရလာသည့် အခါတွင်လည်း ပုံပြင်စာအုပ်များ လိုက်လံရှာဖွေကာ အငမ်းမရ ဖတ်ရှုခဲ့ပါသည်။

mgyoe.com

mgyoe.com

ကျောင်းတွင် ကန်တော်မင်းကျောင်း မေတ္တာစာ၊ မဟော်သဓာဇာတ်တော်ကြီး၊ ရှိတ်စပီးယားပုံပြင်တို့ သင်ခဲ့ရသည်။ နှစ်ခြိုက်စွဲမက်ခဲ့သည်။

တစ်စစနှင့် စာလေးပေလေး ထိတွေ့လာရသည့်အခါ ပျို့ကဗျာများ ဖတ်လာရသည်။ ဥမ္မာဒန္တီပျို့၊ မဃဒေဝလင်္ကာသစ်၊ ကိုးခန်းပျို့၊ ကျည်းကန်ရှင်ကြီး မေတ္တာစာ၊ ဦးပုညမေတ္တာစာ စသည်ဖြင့်။

ထိုအခါတွင် လူကြီးသူမတို့၏ ဆုံးမစကားများ၊ ပုံနိုင်းစကားများထဲတွင် အချို့သော အသုံးအနှုန်း၊ စကားပုံများသည် ထိုကဗျာလင်္ကာများထဲမှ အသုံးများဖြစ်ကြောင်း သိလာရပါသည်။ စကားပုံနှင့် ဆုံးမစာတို့ တွဲနေသည်များကို သတိပြုမိလာပါသည်။

ကန်တော်မင်းကျောင်း စကားပုံ၊ တောင်ဖီလာစကားပုံ၊ ကျီးသဲလေးထပ် စကားပုံ၊ လုံးတော် စကားပုံ၊ ညောင်ပင်သာ စကားပုံ၊ ကျည်းကန်ရှင်ကြီးစကားပုံ၊ ဖိုးသူတော်ဦးနု စကားပုံ၊ ပေါက္ကံမောင်ချို စကားပုံ စသည် အများအပြားပင် ဖြစ်ပါသည်။

မူလကပင် ပုံပြင်နှစ်ခြိုက်သူပီပီ ပုံပြင်များလည်း ရှာဖွေဖတ်ရှုခဲ့သည်။ ထိုအခါတွင် စကားပုံနှင့် ပုံပြင်ဆက်သွယ်မှုများရှိသည်ကို သတိပြုမိပြန်ပါသည်။ ပျို့၊ ဒွေးချိုး၊ လေးချိုး စသောကဗျာလင်္ကာနှင့် စကားပုံ၊ ဆုံးမစာစကားပုံ၊ ပုံပြင်နှင့်စကားပုံ ဆက်သွယ်မှုများ၊ ထိုမှတစ်ဖန် ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်၊ ဓမ္မပဒဝတ္ထုများ စသည် စသည်ဖြင့် ကျိုးကြောင်းဆက်နွှယ်မှုများ တွေ့လာရပါသည်။

ရိုးရာပုံပြင်၊ သမိုင်းပုံပြင်၊ ထုံးဟောင်းပုံပြင်၊ သူရဲကောင်းပုံပြင်၊ ဒဏ္ဍာရီပုံပြင်၊ ဓမ္မသတ်ပုံပြင်၊ လျှောက်ထုံးပုံပြင် စသည် စသည်ဖြင့်

mgyoe.com

mgyoe.com

ပုံပြင်အမျိုးပေါင်းများစွာ တွေ့လာရပါသည်။

နှုတ်ပြောပုံပြင်များ နိုင်ငံအသီးသီးတွင် ရှိနေကြသည်။ ခေတ်အဆက်ဆက် ရှိနေကြသည်။ မည်သည့်အချိန်က စခဲ့မှန်း မသိ၊ ယဉ်ကျေးမှုဆိုင်ရာ ဒေသကြီးများအလိုက် ပျံ့နှံ့တတ်ကြပါ သည်။

အခြားပုံပြင် အမျိုးအစားများထက် ဖွင့်ဆိုရှင်းပြ ပုံပြင် အမျိုးအစားသည် အရှားပါးဆုံး ဖြစ်သည်ဟု သုတေသီတို့ ဆိုကြပါသည်။ ဥရောပနှင့် အာရှတွင် ရိုးရာပုံပြင်များသည် ဖွင့်ဆိုရှင်းပြခြင်းထက် ဖြစ်ရပ်အမျိုးမျိုးနှင့် သက်ဆိုင်သည်ဟု သုတေသီတို့ ဆိုပါသည်။

လူထုဦးလှသည် တိုင်းရင်းသားပုံပြင်များစွာကို လုံ့လကြီးစွာဖြင့် ရှာဖွေခဲ့၊ စုဆောင်းခဲ့ပါသည်။ ဒေါက်တာထင်အောင် သည် မြန်မာ့တရားဥပဒေပုံပြင်များ၊ မြန်မာ့ကျေးလက်ပုံပြင်များ၊ မြန်မာ့ပုံပြင် ၃၀ စသည်ဖြင့် စုဆောင်းခဲ့သည်။ တက္ကသိုလ်တင်အေး သည် မြန်မာစကားပုံ ပုံပြင်များကို ရှာဖွေစုဆောင်းခဲ့သည်။ ဓမ္မာ စရိယ ဦးအေးနိုင်၊ ဆရာဦးသန်းထွတ် စသော ဆရာများ၊ အခြား ဆရာများလည်း ရှာဖွေပြုစုခဲ့ကြပါသည်။ ထိုဆရာများ၏ ဖောက် သောလမ်းတွင် ထိုဆရာများ၏ ခြေအစုံကို ဦးခိုက်လျက် လျှောက်မိ ခဲ့ပါသည်။

ကျိုးသဲလေးထပ်ဆရာတော်၏ ပုရာဏ်ကျမ်းနှင့် ဓမ္မခန် ဖတ်စာ၊ ဦးကြီး၏လက်တို၊ ညီဖြူနှင့် စကားတောင်စား၊ ဟံသာဝတီ ဦးဘရင်၏ လယ်ယာလုပ်သား စကားပုံများ၊ ဦးသော်ဇင်၏ မဟာ သုတကာရီ လမ်းညွှန်နီတိ၊ သင်္ချာစကားပုံ ပုံပြင်၊ ဗန်းမော်ဆရာ တော်ပုံပြင်၊ ကျပင်းတရားစာ၊ ဒေါင်းဖတ်စာ၊ စာဏကျ၊ ဖြတ်ထုံး၊ လျှောက်ထုံးပုံပြင်များ၊ ဝိစိတြပေါရာဏစကားပုံ၊ ဦးဖေမောင်တင်၏

mgyoe.com

mgyoe.com

မြန်မာ့စတ္တူသမိုင်းအစ စသည်ဖြင့် အရပ်ရပ်သော စာအုပ်စာပေ များမှ မှတ်သားချက်များ၊ စုဆောင်း ရှာဖွေချက်များ၊ လူကြီးသူမ တို့၏ နှုတ်ပြောရိုးရာပုံပြင်များ အများအပြားပင် ဖြစ်ပါသည်။

အချို့ပုံပြင်များမှာ ကြားဖူးပြီး ဖြစ်ပါလိမ့်မည်။ ကျွန်တော့် အဖို့မူ ပုံပြင်ဖတ်ရသည်၊ နားထောင်ရသည်ကို ရိုးသွားသည်ဟု မရှိပါ။ ဆိုရိုး၊ စကားပုံ၊ လက်သုံး၊ ပုံနိုင်း အမျိုးကွဲပြားပါလိမ့်မည်။ စာဖတ်ပရိသတ်များ ကြားဖူးပြီး ပုံပြင်များ ပါရှိပါက ရှေး လူရှင် တော်ကြီးများ ပြောလေ့ရှိသကဲ့သို့ "နှစ်ထပ်ရှိမှ မှတ်မိမည်"ဟု သဘောထားစေလိုပါသည်။

ဤစကားပုံ ပုံပြင်များကို ငယ်စဉ်က ပုံပြင်မွေ့လျော်မှု ပီတိ ပေးခဲ့သည့် လက်ပံတန်းမြို့နယ်၊ နတ်စင်ကုန်းကျေးရွာမှ အဘွား ဒေါ်ပန်းညွှာအား သတိရသောအားဖြင့် ရှာဖွေစုဆောင်းတင်ပြ အပ် ပါကြောင်း။

ကလေးသူငယ်အပေါင်း ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ကြည်နိုင်
၂၃–၇–၂၀၀၀

mgyoe.com



mgyoe.com

mgyoe.com

## အတုမြင်အတတ်သင်

ဟိုးရှေးတုန်းက ဗာရာဏသီပြည်မှာ သာမအမည်ရှိတဲ့ ဘုရင်ကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်နေသတဲ့။

အဲဒီသာမမင်းကြီးမှာ ပဏ္ဍဝလို့ခေါ်တဲ့ မင်္ဂလာစီးတော်မြင်း တစ်ကောင်ရှိသတဲ့။ အဲဒီမင်္ဂလာမြင်းကို ဂိရိဒတ္တလို့ခေါ်တဲ့ မြင်းကျောင်းသား (မြင်းထိန်း)က ထိန်းကျောင်းရတယ်။

မြင်းထိန်း ဂိရိဒတ္တဟာ ပုကွကွနဲ့ ခြေခွင်နေသူ ဖြစ်သတဲ့။ ပုစွန်လက်မကို မြင်ဖူးကြတယ် မဟုတ်လား။ သူ့ခြေခွင်ပုံဟာ ပုစွန်လက်မလို ကွေးကွေးပဲ။

အဲဒီမြင်းထိန်း ဂိရိဒတ္တ ကိုပုကွဟာ နေ့စဉ်နေ့တိုင်း ဘုရင့်မင်္ဂလာမြင်းတော်ကို ရှေ့ကနေ ကြိုးနဲ့ဆွဲပြီး မြို့တွင်းလှည့်လည် စားကျက်ရှိရာကိုသွားကာ ထိန်းကျောင်းလေ့ရှိတယ်ကွဲ့။

အဲဒီလို မြင်းထိန်းက ရှေ့က ဆွဲ၊ မင်္ဂလာမြင်းတော်က နောက်က တကောက်ကောက်လိုက်နဲ့ နေ့စဉ်နေ့တိုင်းဆိုတော့ မင်္ဂလာမြင်းတော်ဟာ မြင်းထိန်းရဲ့ သွားပုံလာပုံကို နေ့စဉ်မြင်တွေ့နေရတာပေါ့။

mgyoe.com

mgyoe.com

မြင်းထိန်းက ခြေခွင်နဲ့ ကွတကွတ ရှေ့ကသွားသွားနေတော့ မင်္ဂလာမြင်းတော်ဟာ သူ့ကို အဲဒီလိုသွားဖို့ သင်ကြားပေးနေတယ်လို့ ယူဆသတဲ့။

မင်္ဂလာမြင်းတော်က အဲဒီလိုယူဆပြီး မြင်းထိန်းရဲ့ ခြေခွင်ပုံ၊ ခွင်တင်တင် ကွတတသွားပုံကို ကြည့်ကြည့်ပြီး တုပသတဲ့။ အဲဒီလို တုပသင်ကြား ပြုလုပ်နေတာ ကာလကြာတော့ မင်္ဂလာမြင်းတော် လည်း ကွတတနဲ့ ခြေခွင်သွားပါလေရော။

အဲဒီလိုနဲ့ မင်္ဂလာမြင်းတော် ခြေခွင်ပြီး ကွတတသွားတာ ကို တစ်နေ့တော့ သာမမင်းကြီး သိရှိသွားတာပေါ့ကွယ်။

"တစ်ခါဖြင့် ခက်ပြီ၊ ငါ၏ မင်္ဂလာမြင်းတော်မှာ ရောဂါ တစ်စုံတစ်ခုတော့ စွဲကပ်နေပြီ"လို့ ယူဆသွားသတဲ့။

အဲဒီလိုယူဆပြီး တိုင်းပြည်မှာရှိတဲ့ တိမ္ဗေးကု အဲ...အဲ... မြင်းကုဆေးဆရာတွေကို ဆင့်ခေါ်ကာ မင်္ဂလာမြင်းတော်ကို ကြပ်မတ် ကုသစေသတဲ့။

ဆေးဆရာများက မင်္ဂလာမြင်းတော်ကို စစ်ဆေးကြည့်ရှုပြီး မင်္ဂလာမြင်းတော်မှာ ရောဂါလက္ခဏာ တစ်စုံတစ်ရာ မတွေ့ရကြောင်း လျှောက်တင်ကြသတဲ့။

သာမမင်းကြီးဟာ သူ့မင်္ဂလာမြင်းတော် အကောင်းသားက နေပြီး ဒီလို ခြေခွင်သွားတာဟာ ရောဂါတစ်ခုခုကြောင့်လို့သာ ယူဆ နေတော့ ဆေးဆရာများကို မကျေနပ်ဘူးပေါ့ကွယ်။ ဆေးဆရာများ ကလည်း တစ်ဦးပြီးတစ်ဦး မင်္ဂလာမြင်းတော်မှာ ဘာရောဂါမှ မရှိ ကြောင်း တစ်လေတည်း တစ်သံတည်း လျှောက်တင်တော့လည်း မင်းကြီးအကြံရ ကျပ်နေတာပေါ့။

နောက်ဆုံးတော့ မင်္ဂလာမြင်းတော် ပြဿနာကို ဘုရား

mgyoe.com

mgyoe.com

လောင်းပညာရှိအမတ်ကြီးကို မေးရတော့တာပေါ့။

ဘုရားလောင်း ပညာရှိအမတ်ကြီးဟာ ဆေးဆရာများရဲ့ လျှောက်တင်ချက်နဲ့ မင်္ဂလာမြင်းတော်ကို ကိုယ်တိုင်စစ်ဆေးပြီး မင်္ဂလာမြင်းထားရာနေရာ၊ မြင်းထိန်းနဲ့တကွ မြင်းစားကျက်နေရာတို့ကိုပါ အကျိုးအကြောင်း လေ့လာကြည့်ရှုလေသတဲ့။

အဲဒီအခါမှာ ဘုရားလောင်း ပညာရှိအမတ်ဟာ မြင်းထိန်းရဲ့ သွင်ပြင်လက္ခဏာနဲ့ သွားပုံလာပုံ၊ နေ့စဉ် မင်္ဂလာမြင်းတော်ကို ရှေ့က ဆွဲသွားပုံ၊ မင်္ဂလာမြင်းတော်ရဲ့ ကြန်အင်လက္ခဏာ သွားပုံလာပုံတွေကို ဉာဏ်ဖြင့် ဝေဖန်ထောက်ရှုဆင်ခြင်ကာ အမှန်ကို သိရှိသတဲ့။

အဲဒီလို ကြောင်းကျိုးကျကျ အမှန်ကိုသိရှိပြီး ဘုရင်ကို တင်လျှောက်လေသတဲ့။

"အရှင်မင်းကြီး၊ မင်္ဂလာမြင်းတော် ခြေခွင်ရခြင်းမှာရောဂါ တစ်စုံတစ်ရာကြောင့် မဟုတ်ပါ။ ဆေးဆရာများ တင်လျှောက်ချက် မှန်ကန်ပါသည်။ မင်္ဂလာမြင်းတော်၏ မြင်းထိန်း ဂိရိဒတ္တမှာ ခြေခွင်သူဖြစ်သဖြင့် မြင်းထိန်းရဲ့ အတုကိုယူကာ မင်္ဂလာမြင်းတော်လည်း ခြေခွင်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အရှင့်မြင်းတော်အား ခြေခွင် ပျောက်စေလိုလျှင် အခြား ခြေဖြောင့်သော မြင်းထိန်းတစ်ဦးထံ အမြန် လွှဲအပ် ထိန်းကျောင်းစေသင့်ပါကြောင်း" ဘုရင်ကို တင်လျှောက်တော့တယ်။

သာမမင်းကြီးဟာ ဘုရားလောင်း ပညာရှိအမတ်ကြီးရဲ့ စကားအတိုင်း အခြား ခြေဖြောင့်မြင်းထိန်းတစ်ဦးထံ မင်္ဂလာမြင်းတော်ကို လွှဲအပ်ထိန်းကျောင်းစေသတဲ့။

ခြေဖြောင့်မြင်းထိန်းရဲ့ ထိန်းကျောင်းမှုကြောင့် မကြာမီမှာပဲ မင်္ဂလာမြင်းတော်ဟာ ခြေခွင်ပျောက်ပြီး မူလအတိုင်း အကောင်းပြန်

mgyoe.com

mgyoe.com

ဖြစ်လေသတဲ့။

အဲဒီပုံဝတ္ထုကိုမှီပြီး ပညာရှိများသည် "အတုမြင် အတတ်သင်"ဆိုတဲ့ စကားပုံကို မှတ်တမ်းတင်ခဲ့ကြသတဲ့။

ကလေးတို့ရေ...အဲ့ဒီပုံပြင်လေးကို ထောက်ရှုပြီး အမှားကို မတုပမိစေနဲ့၊ အမှားအမှန် အကောင်းအဆိုးကို ကိုယ့်ထက်သိတဲ့ ဆရာသမား၊ မိဘ စသူတို့က ကောင်းဆိုးနှစ်တန် ဝေဖန်ညွှန်ပြ ဆိုဆုံးမရာကို မှတ်သားနာယူကြရမယ်ကွဲ့။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## မချိုလို့သွားဖြဲ ရယ်သလားမေး

တစ်ခါတုန်းကပေါ့ကွယ်၊ မျောက်တစ်ကောင်ဟာ မြစ်ဆိပ်ကမ်းတစ်ခု မှာ ရေဆင်းသောက်လေသတဲ့။ အဲ့ဒီအခါ မိကျောင်းတစ်ကောင် ပေါ်လာပြီး ရေသောက်နေတဲ့ မျောက်ကို ရုတ်တရက် ကိုက်ချီဖမ်းဆီးလိုက်သတဲ့။

အဲဒီလို မိကျောင်း ကိုက်ချီလိုက်တော့ မျောက်ဟာ နာလွန်းလို့ မချိုမဆံ့ဖြစ်ကာ ပါးစပ်ကို တအားဖြဲပြီး သွားများပေါ်အောင်ပင် ဖြဲနေသတဲ့။

အဲဒီလို မျောက်က နာလွန်းလို့ မချိုမဆံ့ သွားဖြဲနေတာကို မိကျောင်းက "ဒီမျောက်ဟာ ငါဒီလောက် ကိုက်ချီထားတာတောင် မကြောက်မရွံ့နဲ့ ရယ်ကျဲကျဲ ဖြစ်နေပါလား"လို့ တွေးမိသတဲ့။

"အို...အမြီးငေါက်တောက် အဆွေမျောက်
မကြောက်ကဘဲ၊ ရယ်ကြဲကြဲနဲ့
သွားဖြဲကြောင်တောင်၊ ငါ့ကိုလှောင်သနည်း
သင့်အသက်ဘေး
တစ်ချက်ကလေးမှ တွေးကာ မကြောက်ရွံ့လေသလော" လို့

မေးလေသတဲ့။

mgyoe.com

mgyoe.com

ဒီအခါမှာ မျောက်က "သြော်...မိကျောင်းတော့ ငါ မချိုလို့ သွားဖြဲနေတာ မရိပ်မိဘဲ သူ့ကိုပင် ရယ်မောလှောင်ပြောင်နေတယ် လို့ ထင်မှတ်နေပါရောလား၊ တစ်ခါဖြင့် အကြံရပြီ"လို့ တွေးကာ ပရိယာယ်ဆင်ပြီး...

"ရေမှာခိုအောင်း၊ အို မိကျောင်း
ငါတို့လိုမျောက်ဆန်း၊ သင်မဖမ်းဖူးတာ"
ငါ အသေအချာသိသမို့
တိတိပပ ရယ်သဟ
အို...အပေ့မဆုံး၊ မိကျောင်းငတုံးရဲ့"လို့ မထိတရိ လှောင်

ပြောင် ပြောလေသတဲ့။ ဒီအခါ မိကျောင်းက အံ့သြသွားတာပေါ့။

"အို...မျက်နှာဟောက်တောက် အဆွေမျောက်
ဘယ်သင်းက ဘယ်ဟာ၊ ဘယ်ခြင်းရာကြောင့်
ငါ့အား ဤသို့ထင်မြင်သနည်း"ဟု တစ်ဖန် မေးပြန်သတဲ့
ဒီအခါ မျောက်က...
"အို...အဆွေမိကျောင်း၊
ဉာဏ်ဟောင်းလောင်း၊
ကောင်းကောင်းမှတ်သားပါလေတော့၊
ကိုယ်တွင် အသက်မထား၊
အမြီးဖျားမှာသာ အသက်ဟာတည်ပါသတဲ့၊
အခြားသော မိကျောင်းတွေ ကောင်းကောင်းသိလေသကွဲ့၊
သင့်ရဲ့ဖြစ်ပုံ၊ အလုံးစုံ
အကုန်သိက၊ ရယ်ဖွယ်ပ"

လို့ မျောက်က ဆိုတဲ့အခါ မိကျောင်းဟာ တကယ်ပဲ မျောက်ရဲ့ အသက်ဟာ သူ့အမြီးဖျားမှာသာ တည်တယ်လို့ ထင်မှတ်

mgyoe.com

mgyoe.com

လေသတဲ့ကွယ်။ အဲဒါကြောင့် မိကျောင်းဟာ မျောက်ရဲ့ကိုယ်ကို ကိုက်ချီထားရာက ရုတ်တရက် လွှတ်လိုက်ပြီး အမြီးကို ဖမ်းဟပ်လိုက်သတဲ့။

ဒါပေမဲ့ မျောက်ဟာ လျှင်မြန်စွာပဲ ခုန်ထွက်ကာ မိကျောင်းရဲ့ နှုတ်ဖျားကို ခြေထောက်နဲ့ ကန်ကျောက်ပြီး ကမ်းပါးပေါ် တက်ပြေး လွတ်မြောက်သွားလေသတဲ့။

မိကျောင်းလည်း အံ့အားသင့်သွားတာပေါ့ကွယ်။ ကမ်းပါးပေါ်ရောက်တဲ့ မျောက်ဟာ မိကျောင်းကို ကျီစယ်လိုတာကြောင့်...

"အို...စိတ်ထားပျော့ပျောင်း အို...မိကျောင်း
ကောင်းကောင်းမှတ်သားပါဦးလော့။
သင် ကိုက်ခဲစဉ်၊ ငါလျှင်မချီ
သွားဖြဲမိ။
မသိတတ်စွ၊ မိကျောင်းငအေ
ဟဟသွားဖြဲ၊ အထင်လွဲမှား
ရယ်သလားလို့ သင်မေးခဲ့၊
ဟုတ်ကဲ့...ဟုတ်ကဲ့
ငါ့ရဲ့အဖြေ၊ ကောင်းခဲ့လေသမို့
ကိုရွှေမိကျောင်း ဉာဏ်ဟောင်းလောင်းရေ
အူပေါင်းလောင်းနဲ့ နေပေတော့"

လို့ မျောက်ဟာ မိကျောင်းကို ငေါ့တော့တော့ ပြောင်ချော် ချော် သရော်လှောင်ပြောင်ပြီး ထွက်သွားလေသတဲ့ကွယ်။

ဤပုံဝတ္ထုကို မှီငြမ်းပြီး "မချိလို့သွားဖြဲ၊ ရယ်သလားမေး" ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာလေသတဲ့။

ကလေးတို့ရေ...အဲဒီပုံပြင်ဝတ္ထုလေးကို ထောက်ရှုပြီး

mgyoe.com

mgyoe.com

အရာရာမှာ အပြင်လက္ခဏာ သွင်ပြင်ကိုသာကြည့်ပြီး အဟုတ်ထင်ကာ အမြင်နဲ့သာ အမှန်မယူသင့်ဘူးကွဲ့။ အတွင်းအပြင်သဘောသေချာစွာ စောကြောပြီး ဉာဏ်နဲ့ချင့်ချိန် ဝေဖန်တတ်ဖို့ သတိပြုသင့်ကြပါသတဲ့ကွယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အမာရွတ်မြင်တိုင်း မဟော်သတိရ

ဟိုးရှေးရှေးတုန်းက မိထိလာပြည်မှာ ဝိဒေဟရာဇ်မင်းကြီး မင်းပြုသတဲ့။ အဲဒီအခါမှာ ဘုရားအလောင်းတော် မဟော်သဓာဟာ ပညာရှိအမတ် သုခမိန်ဖြစ်ပြီး ထင်ရှားကျော်ကြားလေသတဲ့။

အဲဒီကာလမှာပဲ ပဉ္စာလရာဇ်လို့ခေါ်တဲ့ တိုင်းပြည်မှာ စူဠနီဗြဟ္မဒတ်မင်း မင်းပြုနေသတဲ့။ ထိုမင်းရဲ့ အပါးမှာတော့ ကေဝဋ္ဋလို့ခေါ်တဲ့ ပုရောဟိတ်ပုဏ္ဏား မင်းတိုင်ပင်အမတ်တစ်ဦး ရှိသတဲ့။

တိုင်းပြည်နှစ်ပြည်၊ မင်းနှစ်မင်း၊ အမတ်ပညာရှိနှစ်ဦး အသီးသီးပေါ့ကွယ်။ ထီးပြိုင် နန်းပြိုင် မင်းတွေပေါ့။

စူဠနီဗြဟ္မဒတ်မင်းကြီးဟာ သူ့အမတ်ကေဝဋ္ဋပုဏ္ဏားရဲ့ အကြံပေးချက်အတိုင်း သီးခြားမင်းတွေအုပ်စိုးတဲ့ တိုင်းပြည်တွေကို စစ်ပြုပြီး သိမ်းပိုက်လာတာ ကိုးနိုင်ငံတောင် ရှိသတဲ့။

တစ်နေ့မှာတော့ ဝိဒေဟရာဇ်မင်းရဲ မိထိလာပြည်ကို သိမ်းယူမယ်လို့ ပဉ္စာလရာဇ်ပြည်က စူဠနီဗြဟ္မဒတ်မင်းကြီးနဲ့ အကြံပေးကေဝဋ္ဋ အမတ်ပုဏ္ဏားတို့ဟာ စစ်အင်အားများစွာနဲ့ ချီတက်လာ

mgyoe.com

ဒါပေမဲ့ မိထိလာပြည်မှာက ဘုရားအလောင်းတော် မဟော်သဓာသုခမိန်ရဲ့ စီမံကွပ်ကဲကောင်းမှု၊ ကြိုတင်စီစဉ်မှုတွေကြောင့် လက်ရုံးအားနဲ့ ရုတ်တရက် သိမ်းပိုက်မရဘဲ ဖြစ်နေသတဲ့။

အဲဒီလို မိထိလာပြည်ကိုသိမ်းမရနိုင်ဘဲ ဌာနေပြန်ရင် အရှက်ရမှာလည်း စိုးတာကြောင့် စူဠနီဗြဟ္မဒတ်မင်းကြီးဟာ သူ့အမတ် ပုရောဟိတ်ကေဝဋ္ဋရဲ့ တင်လျှောက်ချက်အတိုင်း မင်းနှစ်မင်းရဲ့ အမတ်ပညာရှိချင်း ပညာပြိုင်ဖို့ နှစ်နိုင်ငံ သဘောတူညီမှု ပြုကြသတဲ့။

ပဉ္စာလရာဇ်မင်း ရှုံးရင် တပ်ခေါက်ပြန်၊ မိထိလာမင်းဘက်က ရှုံးရင် လက်နက်ချပေါ့လေ။

အဲဒီသဘောတူညီချက်နဲ့ ပဉ္စလရာဇ် ကေဝဋ္ဋပုရောဟိတ်နဲ့ မိထိလာက ပညာရှိသုခမိန် မဟော်သဓာတို့ ယှဉ်ပြိုင်ကြရမယ်ပေါ့။

ပညာရှိချင်း ပြိုင်ထုံး အနိုင်အရှုံးသဘောကတော့ ရှုံးသူက ဦးချစတမ်းပေါ့လေ။

အဲဒီလိုနဲ့ အချိန်းအချက်ပြုပြီး ပညာပြိုင်မယ့်နေ့ ရောက်လာတာပေါ့။

ကေဝဋ္ဋပုဏ္ဏားကတော့ သူဟာ အသက်ကြီးရင့်သူဖြစ်လို့ မဟော်သဓာဟာ ငယ်ရွယ်တဲ့အတွက် သူ့ကို မုချရှိခိုးဦးချ ညွှတ်ဝတ်ပြုမှာပဲလို့ တွက်ဆထားတယ်။ အဲဒီလို ဦးချတာနဲ့တစ်ပြိုင်နက် ဘာမှ ပညာအရာမဆွေးနွေးဘဲ အောင်ပြီ အောင်ပြီဟု ကြွေးကြော်ဖို့ သူ့လူတွေကို မှာထားတာပေါ့။ ပညာပြိုင် အဆုံးအဖြတ်ကလည်း ဦးချသူက ရှုံးစတမ်းကိုး။

ပညာပြိုင်မယ့်နေ့မှာ ကေဝဋ္ဋပုဏ္ဏားက ပြိုင်ပွဲကျင်းပရာနေရာကို ကြိုရောက်နေတယ်၊ ကွမ်းအစ်ကြီးတစ်လုံးနဲ့ ကြိုစောင့်နေတာပေါ့ကွယ်။

mgyoe.com

mgyoe.com

မပဟော်သစာ သုခမိန်ကလည်း နန်းစဉ်ပတ္တမြားကို ဝိဒေဟရာဇ်မင်းကြီးထံက ခေတ္တခဏ အသုံးပြုဖို့ ခွင့်တောင်း ယူဆောင်ခဲ့တယ်။ ဒီလိုနဲ့ နောက်ကျမှ ကျင်းပရာ ကွင်းပြင်ကို ရောက်လာခဲ့တယ်။ ပတ္တမြားကိုတော့ လက်ထဲမှာ ဆဆပြီး ကိုင်လာတာပေါ့။

ပညာရှိနှစ်ဦးတွေ့ကြရင်ပဲ ကေဝဋ္ဋပုဏ္ဏားဟာ မဟော်သစာ မြှောက်ကစားလာတဲ့ ပတ္တမြားကို သွားရည်ယိုနေတာပေါ့ကွယ်။

ဉာဏ်ပြိုင်ပွဲ စတယ်ဆိုရင်ပဲ ကေဝဋ္ဋပုဏ္ဏားက မဟော်သစာကို "အမောင် သင်သည်လည်း ဝိဒေဟရာဇ်မင်းကြီးရဲ့ နှစ်ယောက်မရှိသော သုခမိန်ပညာရှိ၊ ငါသည်လည်း ပဥ္စာလရာဇ်ပြည့်ရှင် စူဠနီ ဗြဟ္မဒတ်မင်းကြီးရဲ့ နှစ်ယောက်မရှိသော ကဝိသုခမိန်။ အမောင် အိမ်ရှင်သုခမိန်သည် ပညာရှိပီပီ ရောက်လာသည့် ဧည့်သည်အား လက်ဆောင်ပဏ္ဏာဖြင့် ဧည့်ဝတ်ပြုတတ်သည်။ ကြီးသူကို အရိုအသေ ပေးတတ်သည်ဟု သိရှိရပါသည်။ ထို့ကြောင့် ငါတို့သည် အမောင်၏ ဧည့်ဝတ်ပြုဟန်ကို လေ့လာရန် ရောက်ရှိနေသည်မှာ ငါးရက်ရှိပါပြီ။ ဒါကြောင့် သုခမိန်ချင်း နှစ်သက်ဖွယ် လက်ဆောင်ဖြင့် ဧည့်ဝတ်ပြုသင့်ပေတယ်"ဟု ကေဝဋ္ဋပုဏ္ဏား ဆိုလေသတဲ့။

ထိုအခါ အလောင်းတော်ပညာရှိ မဟော်သစာသုခမိန်က...

"အို...ဇရာဖိစီး အမတ်ကြီး၊ ကျွန်ုပ်သည် သင်နှင့်ထိုက်တန်သော လက်ဆောင်မွန်ကို ရှာကြံယူခဲ့ပါသည်။ အဖိုးအနမတဂ္ဂ ထိုက်တန်သည့် ဤပတ္တမြားမျက်ရှင်ကိုပင် သင်အလိုရှိပါက လက်ဖြန့်ကာ ယူပေလော့"လို့ ဆိုလိုက်တယ်။

အဲဒီအခါ ကေဝဋ္ဋပုဏ္ဏားကြီးဟာ ပတ္တမြားကို အာသာငမ်းငမ်းဖြင့် လိုချင်မက်မောကာ လက်ဖြန့်ခံလေသတဲ့။ မဟော်သစာ သုခမိန်ဟာ ပညာဖြင့်လှည့်စားပြီး ကေဝဋ္ဋပုဏ္ဏားလက်ကြားမှ ချလိုက်

mgyoe.com

လေသတဲ့။

ပတ္တမြားဟာ လက်ကြားကနေ အောက်ကျလိမ့်သွားတော့ ကေဝဋ္ဋပုဏ္ဏားဟာ ခါးကုန်း လေးဖက်ထောက်ပြီး ကောက်သတဲ့။ အဲဒီအခါ မဟော်သဓာက ကေဝဋ္ဋရဲ့ဦးခေါင်းကို နှိမ်ပြီး "အို... အမတ်ကြီး၊ ကျွန်ုပ်အား ရှိမခိုးပါလင့်၊ ဦးမချပါလင့်၊ ကျွန်ုပ်သည် သင့်ထက် ငယ်သူဖြစ်ပါသည်"လို့ ပြောရင်း ပြောရင်း အမတ်ကြီးရဲ့ နဖူးပြင်ကို အမာရွတ်ထင်စေအောင် မြေပြင်နဲ့ ပွတ်တိုက် အငိုက်ကို ဖမ်းပြီး အောင်ပန်းကို ဆွတ်ခူးလေသတဲ့။

အဲဒီအခြင်းအရာကို မြင်တဲ့အခါ ပဉ္စာလရာဇ်ပြည့်ရှင် စူဠနီ ဗြဟ္မဒတ်မင်းနဲ့တကွ နောက်တော်ပါအားလုံးဟာ အရှုံးပေးလက် လျှော့ကာ တပ်ခေါက်ပြီး ပြန်ကြလေသတဲ့။

ကေဝဋ္ဋပုဏ္ဏားကြီးကတော့ မဟော်သဓာရဲ့ လက်ချက်နဲ့ သွေးစက်စက်ယိုခဲ့ရတဲ့ ဒဏ်ရာကြောင့် နဖူးပြင်က အမာရွတ်ကို စမ်းမိတိုင်း မဟော်သဓာကို သတိရ အာဃာတပွား ရန်ငြိုးထားမိ သတဲ့။

ဤဇာတ်တော်ကို အကြောင်းပြုပြီး "အမာရွတ်မြင်တိုင်း မဟော်ကို သတိရ"ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာလေသတဲ့။

အဲဒီဥပမာစကားအရပဲ လူအများဟာ အမှားအတွက် ရန်ပျိုး မိကြတဲ့အခါ အမှတ်အသားတစ်ခုခု ထင်ရှားကျန်ရင် နောက် ကြောင်းကို သတိရလေ့ရှိသတဲ့။

ကလေးတို့ရေ...တကယ်တော့ ကေဝဋ္ဋပုဏ္ဏားဟာ သူတစ်ပါး တိုင်းပြည်ကို မတရားသိမ်းပိုက်ဖို့ သူပဲအကြံပြုခဲ့တာပဲ။ သူတစ်ပါး မကောင်းကြံ ကိုယ်ဘေးဒဏ်ထိ ဆိုသလို ကိုယ့်ရဲ့ ကောက်ကျစ် ယုတ်မာမှုကြောင့် ပညာရှိ မဟော်သဓာရဲ့ အဆုံးအမကို ခံရတာပဲ။

mgyae.com

mgyoe.com

ဒါကြောင့် တစ်ဦးနဲ့တစ်ဦး ခိုက်ရန်ဖြစ်ပြီး "အမာရွတ်မြင်တိုင်း မယောင်ကို သတိရ"အဖြစ်မျိုး မကြုံရအောင် သတိပြုကြရမယ်။ မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေဆိုတဲ့ ဆရာမိဘတို့ ဆုံးမစကား နာခံ မှတ်သားသင့်ကြပေတယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# စကားလွန် ကျွန်ဖြစ်

တစ်ခါတုန်းက ယာသမားအိုကြီးတစ်ယောက်ဟာ ဟင်းသီး ဟင်းရွက် အချို့ကို ပုဆိုးပိုင်းနဲ့ ထုပ်ပိုးပြီး ထမ်းလာရာ မောပန်းလာတာကြောင့် လမ်းဘေး ထန်းရည်ဆိုင်တစ်ဆိုင်ကို ဝင်ပြီး ထန်းရည်သောက်နေသတဲ့။

အဲဒီလို အဘိုးအို ထန်းရည်သောက်နေစဉ်မှာပဲ ထန်းရည်သမား ကာလသားတစ်သိုက်ဟာ အဘိုးအိုကို လိမ်လည်လှည့်ဖျားလိုတာကြောင့် ထန်းရည်ဆိုင်ကို ဝင်ခဲ့ကြသတဲ့။

ထန်းရည်သောက်လို့ အတော်လေး အရှိန်ရလာတဲ့အခါ ယုံတမ်းစကား ပြောကြမယ်လို့ အချင်းချင်း တိုင်ပင်ကြသတဲ့။ သူတို့ဝိုင်းကို အဘိုးအိုပါ ပါဝင်ပြောဆိုရန် ဖိတ်ခေါ်သတဲ့။

အဲဒီလိုဖိတ်ခေါ်ပြီး အချင်းချင်း ကတိသစ္စာပြုကြတယ်။ မိမိတို့ စိတ်တိုင်းကျ ကိုယ်တွေ့အဖြစ်အပျက်တွေကို တစ်ဦးချင်း ပြောဆိုကြမယ်။ အဲဒီအထဲက တစ်ယောက်ယောက်ရဲ့ ယုံတမ်းစကားကို မယုံသူဟာ ထိုသူထံမှာ တစ်သက်တာလုံး ကျွန်ခံကြရမယ်လို့ ကတိကဝတ်ပြုကြတယ်။

mgyoe.com

mgyoe.com

အဲဒီလို သဘောတူကြပြီး တစ်ယောက်က စပြောတယ်။ "အချင်းတို့...ငါ့ကို ကိုယ်ဝန်ရှိတုန်းကပေါ့၊ ငါ့အမေဟာ သီးသီးကို စားလိုတဲ့ ချင်ခြင်းကြီးတစ်ခုတပ်တယ်။ အဲဒီလို ချင်ခြင်းတပ်တော့ သီးသီးသွားခူးပေးဖို့ဟာလည်း လူမရှိတော့ ငါကိုယ်တိုင် သီးပင်ရှိတဲ့နေရာကို သွားရတယ်။ အပင်အောက်ရောက်တော့ သီးပင်ပေါ် မတက်နိုင်လို့ ငါကိုယ်တိုင်ပဲ ငါ့ရဲ့ခြေထောက်နှစ်ချောင်းကို ကိုင်ပြီး သီးပင်ပေါ် ပစ်တင်လိုက်ရတယ်။ တုတ်တို့၊ ခဲတို့ ပစ်သလိုပေါ့။ သီးပင်ပေါ်ရောက်တော့ အကိုင်းတွေ အကိုင်းတွေ လျှောက်ကူးပြီး ခူးတာပေါ့။ တဝကြီးခူးပြီး ပြန်မဆင်းတတ်တော့ အိမ်ကလှေကားယူပြီးမှ ဆင်းခဲ့ရလေရဲ့။ အိမ်ရောက်မှ ငါ့အမေကို ပေးလိုက်တယ်။ သီးသီးတွေဟာ အိုးစရည်းလောက်ကိုကြီးတယ်။ တစ်ထိုင်တည်းနဲ့ အလုံးခြောက်ဆယ်ကုန်အောင် ငါ့အမေ စားပစ်လိုက်တယ်။ အိမ်နီးနားချင်းတွေကိုလည်း ဝေလိုက်သေးတယ်။ ဒါနဲ့တောင် သီးသီးတွေ အိမ်မိုးထိအောင် ကျန်နေသေးတယ်။ ခြံဝမှာလည်း တောင်ပုံရာပုံ ကျန်နေသေးတယ်ဗျ။ အဲဒီအပုံဟာ အတောင်ခြောက်ဆယ်တောင် မြင့်တယ်။ မယုံကြရင် ပြောပါလို့"ပြောပြီး ပထမလူဟာ လှည့်အကဲခတ်တယ်။ အဘိုးအိုကလည်း ဘယ်လိုမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်တယ်။

တစ်ဖန် ဒုတိယလူက "အဆွေတို့၊ ငါတို့အိမ်က သိပ်မြင့်တယ်။ ငါ့အမေ အထက်ထပ် ကြမ်းပေါက်ကနေပြီး ကလေးမွေးချလိုက်တာ အလယ်ထပ်ရောက်တော့ ကလေးဟာ ခေါင်းဖြူစွယ်ကျိုးပြီး အဘိုးကြီးဖြစ်နေပြီ။ ဇရာဒုလ္လဘအရွယ် အသက် တစ်ရာနှစ်ဆယ်တောင် ရှိနေပြီဗျ။ မယုံရင် မယုံဘူးလို့ ပြောကြပါ"လို့ ပြောပြီး ယာသမား အဘိုးအိုကို ကြည့်သတဲ့။ အဘိုးအိုကတော့ တိတ်တိတ်ပဲ

mgyoe.com

mgyoe.com

နေလိုက်တယ်။

တစ်ခါ တတိယလူက ပြောပြန်တယ်။ "တို့ ငယ်ငယ်က ငါ့မှာ လက်စွပ်တစ်ကွင်း ရှိတယ်။ အဲဒီလက်စွပ်ဟာ ဟိုး...အက နိဋ္ဌဗြဟ္မာတွေဆီက ဝယ်လိုက်တာပေါ့။ အဲဒီလက်စွပ် တန်ခိုးကြောင့် ငါက မြေလျှိုးမိုးပျံနိုင်တယ်။ ဒေဝစ္ဆရာနတ်မိမယ်ကို ငါအလိုရှိရင် အခုချက်ချင်း ရနိုင်တယ်။ တကယ်လို့ ငါတောင့်တခဲ့ရင် မန္တာတု စကြဝတေးမင်းအဖြစ် တဒင်္ဂအတွင်း ရနိုင်တယ်။ ဒီလက်စွပ်ဝတ် ထားသူဟာ တန်ခိုးရှင် ဖြစ်သွားတယ်။ အထက်ကိုကြည့်လိုက်ရင် နတ်ဘုံနတ်နန်းတွေကို မြင်နိုင်တယ်။ အောက်ကိုကြည့်လိုက်ရင် လည်း ငရဲအထပ်ထပ်ကို မြင်ရမယ်။ အဲဒီလက်စွပ်ကို သူခိုး ခိုးမှာ စိုးလို့ နိဗ္ဗာန်ရွှေပြည်မှာ ငါသွားသိမ်းထားတယ်။ မင်းတို့ထဲက မယုံရင် ပြောကြပါ"လို့ ပြောပြီး အဘိုးအိုကို ကြည့်သတဲ့။ အဘိုးအိုကတော့ ခပ်မဆိတ်ပါပဲကွယ်။

ဒါနဲ့ စတုတ္ထလူအလှည့် ရောက်လာတယ်။ သူက ပြော တယ်။ "ရောင်းရင်းတို့၊ ငါ ငယ်ငယ်တုန်းက မြနေအောင်ထက်တဲ့ ဓားတစ်ချောင်း ရှိခဲ့ဖူးတယ်။ အဲဒီဓားဟာ ဘယ်လောက်ထက်သလဲ ဆိုတော့ ဟိမဝန္တာတောကြီးကို လက်ဖျစ်တစ်တွက်အတွင်း ခုတ်ထွင်း နိုင်တယ်။ မဟာသမုဒ္ဒရာထဲ ပစ်ထည့်လိုက်ရင် ရေသတ္တဝါတွေ အပိုင်းပိုင်းအတစ်တစ်ပေါ့။ အိမ်ကို အများကြီးသယ်ယူလာရတယ်။ ဘယ်လောက်များလဲဆိုရင် အဲဒီသားငါးတွေကို ကျွန်းကြီးလေးကျွန်း သားတွေကို လှည့်ဝေငှပစ်တာတောင် အပုံကြီးကျန်သေးတယ်။ အဲဒီဓား ကို ငရဲမင်းကတောင်းလို့ ပေးလိုက်ရတာ ဒီနေ့ထက်တိုင်ပါပဲ။ အဲဒါ ယုံကြရဲ့လား၊ မယုံရင် ပြောကြပါ"လို့ ပြောပြီး အဘိုးအိုကို ကြည့် တယ်။ အဘိုးအိုလည်း ဘယ်လိုမှ မပြောဘူးတဲ့။

mgyoe.com

mgyoe.com

အားလုံးပြောပြီးသွားတော့ အဘိုးအိုက "သူငယ်တို့၊ သူငယ်တို့ အတွေ့အကြုံ အခြေအနေအရ ပြောကြတာတွေဟာ အားလုံးဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဘိုးပြောမှာကိုလည်း နားထောင်ကြဦးပေါ့။ တစ်ချိန်တုန်းက အဘိုးဟာ ယာလုပ်ခဲ့ဖူးတယ်။ အဘိုးယာခင်းထဲမှာ အတောင်တစ်ရာ့နှစ်ဆယ်ရှိတဲ့ ဝါပင်ကြီးတစ်ပင် ရှိတယ်။ အကိုင်းအခက် ဝေဝေဆာဆာနဲ့ဆိုတော့ သိပ်လှတာပေါ့။ ခက်မငါးဖြာရှိတယ်။ ကိုင်းလေးကိုင်းက ဝါသီးမသီးဘူး။ အရှေ့ဘက် ထိုးထွက်နေတဲ့ ကိုင်းတစ်ကိုင်းပဲ ဝါသီးသီးတယ်။ အဲဒီအသီးဟာ အိုးစရည်းလောက်ကြီးရှိတယ်။ တစ်ခါ အဲဒီဝါသီးကြီးမှာ အရှည်လိုက် အမြွှာခြောက်မြွှာရှိပြီး ဝါတောင့်ခြောက်တောင့် သီးလာ ပြန်တယ်။

အဘိုးဟာ တစ်နေ့မှာ ကိုယ်လက်သုတ်သင်ဖြီးလိမ်းပြီး ယာခင်းထဲသွားတဲ့အခါ အဲဒီဝါတောင့်ကြီးတွေကို တွေ့တယ်။ ခူးမယ်လို့ ရွယ်လိုက်ရုံရှိသေး ငါ့ဝါတောင့်တွေဟာ ကိုယ်ဟန်နေထားတောင့်တင်းပြီး ကျိုးနွံရှိသေတဲ့ ကျွန်လေးယောက်အဖြစ် ပြောင်းသွားသကွဲ့။ ကာလအတန်ကြာတော့ အဘိုးဆီက ကျွန်တွေ ထွက်ပြေးသွားကြလေရဲ့။ ဘယ်မှာမှ ရှာလို့ မတွေ့ဘူး။

ဒါပေမဲ့ သင်းတို့ လေးယောက်စလုံး ခု ငါ့ရှေ့မှောက်ရောက်လာကြပြီ။ မင်းတို့ လေးယောက်စလုံး ငါ့ကျွန်ချည်းပဲ။ မင်းက နန္ဒလို့ခေါ်တယ်။ သူက သုမန၊ ဟိုကောင်က ဝဍ္ဎမာန၊ ဒီကောင်က မင်္ဂလလို့ခေါ်တယ်။

အဲဒီလိုပြောပြီး အဘိုးအိုဟာ ကာလသားများရဲ့ သျှောင်ထုံးကို ဆွဲကိုင်ပြီး ဖမ်းလေသတဲ့။ ကာလသားလေးယောက်ကလည်း သူတို့ဟာ အဘိုးအိုရဲ့ ကျေးကျွန်များမဟုတ်ကြောင်း ငြင်းလိုက်ကြသတဲ့။ ဒါပေမဲ့ မူလဆိုခဲ့တဲ့ ကတိသစ္စာကြောင့် ဆိတ်ဆိတ်နေ

mgyoe.com

mgyoe.com

ဝန်ခံရုံမှတစ်ပါး ဘာမှ မတတ်နိုင်ဘူး။

အဘိုးအိုဟာ ထိုလူလေးယောက်ကို မြို့ဝန်ထံ ခေါ်သွားသတဲ့။ မြို့ဝန်က ဖြစ်ပျက်ပုံ အစအဆုံး ကြားနာပြီး ထိုလူလေးယောက်စလုံး အဘိုးအိုထံမှာ တစ်သက်ပန်လုံး ကျွန်ခံကြစေလို့ အမိန့်ချမှတ်လေသတဲ့။

အဲဒီပုံပြင်ကိုမှီပြီး "စကားလွန် ကျွန်ဖြစ်"ဆိုတဲ့ စကားပုံပေါ်ပေါက်လာလေသတဲ့။

ကလေးတို့ရေ...ဒီပုံပြင်လေးကိုထောက်ထားပြီး စကားမလွန်မိဖို့ သတိပြုကြရမယ်ကွဲ့။ ကာလသားလေးဦးဟာ မူလက ယာသမားအဘိုးအိုကို လိမ်လည်လှည့်ဖြားဖို့ ကြံကြရင်း ယုံတမ်းစကား ပြောဖြစ်ကြတာပဲ။ ဒါပေမဲ့ အဘိုးအိုဟာ ဉာဏ်ရှိသူဖြစ်လေတော့ သူတို့လေးယောက်သာ ကျွန်ဖြစ်ကြရတယ်။ ဒါကြောင့် အပြောအဆို မလွန်မိဖို့၊ ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံဖို့ လိုအပ်တာပေါ့ကွယ်။

■

mgyoe.com



mgyoe.com

mgyoe.com

# တစ်ရွာတစ်ကျီဆောက်
# အိမ်နောက်ဖေး ဈေးဆိုင်တည်

ရှေးအခါက ရွာတစ်ရွာမှာ ပညာအမြော်အမြင်၊ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ သူဌေးကြီးတစ်ဦးရှိသတဲ့။ အဲဒီသူဌေးကြီးမှာ သားနှစ်ယောက်ရှိတယ်။ မောင်ကြီးနဲ့ မောင်ငယ်တဲ့။

တစ်နေ့မှာ သူဌေးကြီးဟာ သားနှစ်ယောက်ကိုခေါ်ပြီး...

"ချစ်သားတို့၊ ဖခင်မရှိတဲ့နောက် ကိုယ်စီကိုယ်င အိမ်ထောင်သက်မွေးမှုပြုကြမယ်ဆိုရင် (၁) တစ်ရွာတစ်ကျီဆောက်ပါ၊ (၂) အိမ်နောက်ဖေးမှာ ဈေးဆိုင်တည်ပါ၊ (၃) ခေါင်းတစ်ရာသားစားပါ၊ (၄) တစ်နေ့မှာ ပုဆိုးသုံးခါလဲပါ။ အဲဒီစကားလေးခွန်းကို မှတ်သားထားပါ။ (၅) မသိလို့ရှိရင် ဦးခေါင်းသုံးလုံးရှိသူထံမှာ မေးမြန်းကြည့်ပါလို့ မှာကြားလေသတဲ့။

အဲဒီလိုနဲ့ သူဌေးကြီး ကွယ်လွန်သွားတဲ့အခါ မောင်ငယ်ဟာ ဖခင်စကားကို အပေါ်ယံကြောသာ ဆင်ခြင်ပြီး ကြံဆကာ ရွာတိုင်းရွာတိုင်းမှာ စပါးကျီကြီးများ ဆောက်လုပ်သတဲ့။ အိမ်ရဲ့ နောက်ဖေးမှာ ဈေးဆိုင်ခန်းဖွင့်ပြီး တည်ခင်းရောင်းချသတဲ့။ နေ့စဉ် နေ့တိုင်းလည်း

mgyoe.com

mgyoe.com

ဆိတ်ခေါင်း၊ ဝက်ခေါင်း၊ ကြက်ခေါင်း၊ ဘဲခေါင်း၊ ငါးခေါင်း စသည်ဖြင့် ခေါင်းတစ်ရာပြည့်အောင် ဝယ်ယူစားသောက် လေသတဲ့။ နေ့တိုင်း နေ့တိုင်းလည်း ပုဆိုးသုံးမျိုးကို တစ်လဲစီ ဝတ် ဆင်သတဲ့။

အဲဒါကြောင့် သားငယ်ဟာ ဖခင်ပေးတဲ့ အမွေပစ္စည်းတွေ ကုန်ဆုံးတာပေါ့ကွယ်။

သားကြီးဖြစ်တဲ့ မောင်ကြီးကတော့ "ငါ့ဖခင်ဟာ အဲဒီ စကားလေးခွန်းကို အပေါ်ယံ သာမန်သဘောနဲ့တော့ ပြောဆိုမှာကြား ခြင်း မဟုတ်တန်ရာ။ ဖခင်ကြီးရဲ့ စကားမှန် အဓိပ္ပာယ်ကို ရှင်းလင်း စွာ သိရအောင် စုံစမ်းမှတော်မယ်။ ဖခင်မှာခဲ့တဲ့ ဦးခေါင်းသုံးလုံး ရှိသူကို ရှာဖွေလေမှ"လို့ အကြံပြုပြီး ရွာစဉ်လှည့်ကာ ရှာဖွေလေသတဲ့။

အဲဒီလိုနဲ့ သူဌေးသားအကြီး မောင်ကြီးဟာ တစ်ရွာ တစ်ရွာ လှည့်လည်သွားလာလေသတဲ့။ တစ်ခါတော့ ရွာတစ်ရွာမှာ အသက် အရွယ် အိုမင်းကြီးရင့်ပြီး ခါးကုန်းနေတဲ့ အဘိုးအိုတစ်ဦးကို တွေ့ သတဲ့။ အဘိုးအိုဟာ အိမ်ရှေ့ကွပ်ပျစ်တစ်ခုပေါ်မှာ ဆောင့်ကြောင့် ထိုင်နေတော့ ခါးကုန်းလွန်းနေတာကြောင့် ဒူးနှစ်လုံးကြားမှာ ခေါင်း ဝင်နေသတဲ့။ သူဌေးသားကြီးဟာ အဘိုးအိုကို အဝေးက မြင်တဲ့အခါ ဦးခေါင်းသုံးလုံးလို့ ထင်မြင်မိသတဲ့။ "ဒီပုဂ္ဂိုလ်ဟာတော့ ငါ့ဖခင် ညွှန်ကြားခဲ့တဲ့ပုဂ္ဂိုလ် ဖြစ်မှာပဲ"လို့ တွေးပြီး ဝင်ရောက်စုံစမ်းလေ သတဲ့။

အဘိုးအိုထံ ဝင်ရောက်ပြီး ဖခင်မှာကြားခဲ့တဲ့ စကားတွေကို ပြောပြတဲ့အခါ အဘိုးအိုက "ငါ့မြေး၊ တစ်ရွာတစ်ကျိဆောက်ဆိုတာ မိမိခရီးလှည့်ရာ မြို့ရွာတိုင်းမှာ တည်းခိုနေထိုင်နိုင်ရေးအတွက် အသိမိတ်ဆွေကောင်းများ ဖွဲ့ထားပါလို့ ဆိုလိုတယ်။ ဒါမှသာ အဲဒီ မြို့ရွာတွေကို သွားလာကူးသန်းရောက်ရှိတဲ့အခါ စားရေးသောက် ရေး တည်းခိုရေး မပူပင်ရဘဲ ငွေကြေးအကုန်အကျ သက်သာပေမပေါ့"လို့

mgyoe.com

mgyoe.com

ရှင်းပြတယ်။

သူဌေးသားဟာ အဘိုးအိုစကားကြားရတော့ တယ်တန်ဖိုး ရှိတဲ့ စကားပါလားလို့ ဖခင်ကျေးဇူးကိုလည်း အောက်မေ့၊ အဘိုးအို ကိုလည်း ကျေးဇူးတင်မိသတဲ့။

အဘိုးအိုက ဒုတိယစကားခွန်းရဲ့ အဓိပ္ပာယ်ကို ဆက်ပြန် တယ်။

"အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုတာက အိမ်နောက်ဘက် ကွက်လပ်မှာ သခွား၊ ဖရုံ၊ ပုံလုံ၊ ချဉ်ပေါင် စတဲ့ ဟင်းသီးဟင်းရွက် ပင်များ စိုက်ပျိုးပါလို့ ဆိုလိုတယ်ကွဲ့။ အဲဒီလို စိုက်ပျိုးထားမှ ဈေးမှာ ဟင်းသီးဟင်းရွက် ဝယ်ယူဖို့ မလိုတဲ့အပြင် တခြားသူတွေကို လည်း ရောင်းချနိုင်သေးတယ်။ ဝင်ငွေကလေးလည်း မှန်မှန်ရနိုင် တာပဲလို့" ရှင်းပြလေသတဲ့။

အဘိုးအိုစကားကြားရတဲ့အခါ "သိပ်ကို ကျေးဇူးများတာပဲ အဘိုးရယ်"လို့ သူဌေးသားက ဆိုသတဲ့။ ဒါနဲ့ တတိယစကား ဆက် ရှင်းပြဖို့ တောင်းပန်ရတာပေါ့။

အဘိုးအိုက ရေနွေးကြမ်းတစ်ကျိုက် ကျိုက်ချလိုက်ပြီး ဆက်ပြောပြန်တယ်။

"ခေါင်းတစ်ရာသားဆိုတာက ပိုက်ဆံနှစ်ပြားဖိုးရှိရင် ဦးခေါင်းများ တစ်ရာမက ရနိုင်လောက်အောင် ဈေးပေါတဲ့ ပုစွန်ဆိတ် ကလေးများ၊ ငါးသလဲထိုး အစရှိတဲ့ ငါးကလေးများကိုသာ ဝယ်စား ပါလို့ ဆိုလိုတယ်။ ဒါမှသာ အကုန်အကျနည်းပြီး ငွေကြေးများ စုဆောင်းမိနိုင်မှာပေါ့"လို့ ပြောပြလေသတဲ့။

သူဌေးသားဟာ ရိုကျိုးစွာနဲ့ အဘိုးအိုစကားကို မှတ်သား နေလေသတဲ့။ ဒါနဲ့ အဘိုးအိုက ဆက်ပြန်တယ်။

mgyoe.com

mgyoe.com

"တစ်နေ့ ပုဆိုးသုံးခါလဲဆိုတာက မိမိဝတ်ထားတဲ့ လုံချည်ပုဆိုးကို နေ့စဉ် သုံးကြိမ်သုံးခါ ပြောင်းလဲလှည့်ပတ် ပြင်ဆင်ပြီး ဝတ်ပါလို့ ဆိုလိုတယ်။ အဲဒီလို နေရာမပြောင်းဘဲ တစ်နေရာတည်း ဝတ်ရင် ဖင်ထိုင်ရာနေရာက ခဏခဏ ထိပွန်းစုတ်ပြတ်တတ်တယ်။ လှည့်ဝတ်မှ အစုတ်အပွန်း သက်သာတာပေါ့။

"ခေါင်းသုံးလုံးရှိသူကို မေးဆိုတာက အဘိုးတို့လို အသက်အရွယ်အိုမင်းပြီး ဒူးနှစ်လုံးကြား ခေါင်းဝင်လောက်အောင် အသက်အရွယ် အိုမင်းသူကို ချဉ်းကပ်မေးမြန်းပါလို့ ဆိုလိုတယ်။ အသက်အရွယ် ကြီးရင့်အိုမင်းလာတဲ့အခါ အကြားအမြင်များပြီး အမှားအမှန် ဝေဖန်ဖြေရှင်းနိုင်တာကြောင့်ဖြစ်တယ်"လို့ ရှင်းလင်း ဖြေကြားလေသတဲ့။

သူဌေးသားကြီးဟာ အဘိုးအိုထံက အဖိုးတန်လှတဲ့ စကားတွေကို မှတ်သားရတဲ့အခါ အားရရွှင်လန်းစွာနဲ့ အဘိုးအိုကို ရှိခိုးကန်တော့တယ်။ အဘိုးအိုရဲ့ ရှင်းပြချက်အတိုင်း အဖိုးတန်လှတဲ့ ဖခင်ကြီးရဲ့ အမှာအတိုင်း ကြိုးပမ်းဆောင်ရွက်ကာ အသက်ထက်ဆုံး ရွှင်ပြုံးချမ်းသာစွာနဲ့ နေထိုင်ရသတဲ့ကွယ်။

ဤပုံပြင်ဖြင့် "တစ်ရွာတစ်ကျီဆောက်၊ အိမ်နောက်ဖေးဈေးဆိုင်တည်"ဆိုတဲ့ စကားပုံ ဖြစ်ပေါ်လာလေသတဲ့။

ကလေးတို့ရေ...ဒီပုံပြင်လေးကို ဆင်ခြင်ပြီး သက်ကြီး ရွယ်အိုတို့ထံ ချဉ်းကပ်၊ ရိုသေစွာပြုစု၊ လူကြီးသူမ ဆရာသမားတို့ရဲ့ ဆုံးမစကားတို့ကို မှတ်သားနာယူကာ လိုက်နာပြုကျင့်နိုင်ဖို့ ကြိုးစားကြရမယ်ကွဲ့။

■

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

# ကိုယ်ကို ချုပ်သော်လည်း နှုတ်မစောင့်က ဘေးတွေ့ရ

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေသတဲ့။ ထိုစဉ်အခါက ကုန်သည်တစ်ဦးဟာ ဝန်စည်တို့ ကို မြည်း၌တင်ဆောင်ပြီး တစ်နေရာမှ တစ်နေရာ၊ တစ်မြို့မှ တစ်မြို့ လှည့်လည်ရောင်းချ ကူးသန်းခြင်းပြုလေသတဲ့။

ကုန်သည်ဟာ ရောက်လေရာရာ မြို့ရွာတိုင်းမှာ မြည်း ပေါ်က ဝန်စည်စလယ်ကိုချ အရောင်းအဝယ်ပြုခိုက်မှာ သူ့မြည်းကို ခြင်္သေ့ရေဖြင့် ဖုံးအုပ်ကာ ခြင်္သေ့အသွင် ထင်မြင်စေပြီး အနီးအနား မှာရှိတဲ့ ရှာနီးချုပ်စပ် လယ်ကွင်းတို့မှာ စေလွှတ်ပြီး စားသောက်စေ သတဲ့။

လယ်စောင့်တို့ကလည်း မြည်းကို ခြင်္သေ့လို့ပဲ မှတ်ထင်ပြီး မမောင်းနှင်ရဲကြဘဲ အဝေးကသာ ကြည့်ရှုလျက် နေကြရသတဲ့။

အဲဒီလိုနဲ့ တစ်နေ့မှာ ကုန်သည်ဟာ မြို့ရွာတစ်ခုမှာ ရပ် နားရောင်းချစဉ် ရှေးယခင်ကလိုပဲ မြည်းကို ခြင်္သေ့ရေခြုံပေးပြီး လယ်ခင်းတစ်ခုထဲ သွားရောက်လွှတ်ထားလိုက်တယ်။ လယ်စောင့်

mgyoe.com

mgyoe.com

တို့ဟာ ခြသေ့်ရေဖုံးထားတဲ့ မြည်းကို တကယ်ပဲ ခြသေ့်ထင်မှတ်ကာ ကြောက်လန့်ပြီး ချဉ်းကပ်မောင်းနှင်ခြင်း မပြုဝံ့ဘူးတဲ့။

ဒါနဲ့ "ဒီအတိုင်း ကြည့်နေလို့တော့ မဖြစ်ချေဘူး၊ လယ်ရှင်တို့ကို တိုင်ကြားမှဖြစ်မယ်"လို့ လယ်စောင့်တို့တိုင်ပင်ပြီး လယ်ရှင်တို့ကို အကြောင်းကြားလေသတဲ့။

လယ်ရှင်တို့ကလည်း အကြောင်းသိရတဲ့အခါ "ခြသေ့်တောကောင်တို့ မြို့ရွာနားကပ်လာရင် လူတွေအတွက်လည်း အသက်အန္တရာယ်နီးတယ်။ ကျွဲနွားတို့ကိုလည်း ဆွဲနိုင်တယ်။ ဒါကြောင့် စုရုံးမောင်းနှင်ထုတ်မှ ဖြစ်မယ်"လို့ အညီအညွတ် စုဝေးကြပြီး ယာခင်းအနီးမှာ စည်၊ မောင်း၊ ကြေးနင်း၊ ခရုသင်းတို့ကို တစ်ပြိုင် နက်တည်းတီးမှုတ်ကြလျက် ဟစ်ကြွေးခြောက်လှန့် မောင်းထုတ် ကြလေသတဲ့။

ထိုအခါ မြည်းဟာ ထိတ်လန့်ကြောက်ရွံ့ပြီး အော်မြည်လေတော့သတဲ့။ အဲဒီအခါ ရွာသားတို့ဟာ မြည်းဖြစ်ကြောင်းသိပြီး ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်လိုက်လေသတဲ့။

ကုန်သည်လည်း ရောင်းချပြီး သူ့မြည်းလွှတ်ထားရာ စားကျက် လယ်ကွင်းဆီလာတဲ့အခါ မြည်းသေကိုပဲ တွေ့ရလေသတဲ့။ ဒီတော့ ကုန်သည်ဟာ သူ့မြည်းသေကိုကြည့်ပြီး "ငါ့မြည်းဟာ ရှေးအခါက ခြသေ့်ရေကိုခြုံပြီး အသံမပြုခဲ့သဖြင့် ကာလကြာ မြင့်စွာ ယာခင်းတို့မှာ ဝင်ရောက်စားသောက်နိုင်ပေတယ်။ ယခုတော့ဖြင့် ခြသေ့်ရေဖုံးလွှမ်းထားသော်လည်း အသံပြုမိမှားလေတော့ အသက်ဆုံးရှုံးရလေပြီ"လို့ ရေရွတ်မြည်တမ်းပြီး မြည်းသေကို စွန့် ခွာသွားလေသတဲ့။

ဤဇာတ်တော်ကို ထောက်ရှုပြီး ပညာရှိတို့ဟာ "ကိုယ်ကိုချုပ်သော်လည်း နှုတ်မစောင့်က ဘေးတွေ့ရ"ဆိုတဲ့ စကားပုံကို သက်သေပြု ဥပမာတင်ကာ သွန်သင်ဆုံးမတတ်ကြသတဲ့။

mgyoe.com


mgyoe.com

ကလေးတို့ရေ...ဒါကြောင့် ပညာရှိတို့ဟာ အပြောအဆို ဆင်ခြင်ပါ၊ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေလို့ နှုတ်မှုကို ဆင်ခြင်ဖို့ ဆုံးမတတ်ကြတယ်။ နှုတ်၏ ဆိုထွေ၊ နည်းလှစေလို့ ဆိုကြတယ်။ အခွင့်အခါမသင့်က နှုတ်ကြောင့် ဒုက္ခရောက်တတ်ကြောင်း မှတ်သားကြရမယ်ကွဲ့။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အသွားမတော်တစ်လှမ်း
# အစားမတော်တစ်လုတ်

မြန်မာသက္ကရာဇ် ၆၇၇ ခုနှစ်တုန်းကပေါ့ကွယ်။

ပုဂံပြည်မှာ စလေငခွေးမင်းရဲ့သား ပုဂံနန်းဆက် (၃၇) ဆက်မြောက် သိန်းခိုမင်း နန်းတက်သတဲ့။

တစ်နေ့တော့ သိန်းခိုမင်းဟာ အခြွေအရံ အစောင့်အရှောက် မပါဘဲ တစ်ပါးတည်းမြင်းစီးပြီး တောကစားထွက်ခဲ့သတဲ့။ အဲဒီလို တောကစားထွက်လာရင်း အလွန်ဆာလောင်မွတ်သိပ်လှတဲ့အတွက် သခွားယာခင်းတစ်ခင်းဝင်ပြီး သခွားသီးများကို ဆွတ်ခူးစားသောက်လေသတဲ့။

ထိုအခါ ယာခင်းရှင်တောင်သူကြီးဟာ ဘုရင်ဖြစ်မှန်းမသိဘဲ "ငါ့ ယာခင်းကို ခွင့်မပန်ဘဲ သခွားသီးတွေကို ဆွတ်ခူးစားရာသလော"လို့ ဆိုမြည်ပြီး ဒေါသတကြီး တူးရွင်းရိုးနဲ့ရိုက်ရာ သိန်းခိုမင်း နတ်ရွာစံတော့တယ်။ အဲဒီလို သိန်းခိုမင်းနတ်ရွာစံပြီး မကြာခင်မှာပဲ သိန်းခိုမင်းရဲ့ မြင်းခံလုလင်ဟာ ရောက်လို့လာတယ်။ အကြောင်းအကျိုး ဖြစ်ပျက်ပုံအလုံးစုံကို သိရတဲ့အခါ...

mgyoe.com

mgyoe.com

"ဟယ်...တောင်သူကြီး၊ ငါတို့ရဲ့ အရှင်သခင်ကို အဘယ်ကြောင့် ပုတ်ခတ်ဘိသနည်း"လို့ မေးတယ်။

ဒီအခါ တောင်သူကြီးက "နင်တို့ရဲ့ အရှင်သခင်ဟာ ငါ့ကို မပန်မကြားဘဲ ငါ့ သခွားသီးကို ဆွတ်ခူးစားဘိတယ်။ မပုတ်ခတ်ဘဲ အဘယ်သို့ နေတုံအံ့နည်း"လို့ ပြန်ပြောတယ်။

ဒီအခါမှာ မြင်းခံလုလင်ဟာ တိုင်းရေးပြည်ရေး ရှုပ်ထွေးဖွယ်ရာ ပြဿနာအထွေထွေကို ကြံတွေးဆင်ခြင်မိသတဲ့။ ဒါကြောင့် ကာကွယ်တားဆီးနိုင်စေခြင်းငှာ "ဟယ်...တောင်သူကြီး၊ မင်းကို သတ်သောသူသည် မင်းပြုရမြဲဖြစ်တယ်"လို့ ပရိယာယ်စကားနဲ့ ဆိုလေသတဲ့။

တောင်သူကြီးက "ငါ မင်းမလုပ်လိုဘူး၊ သည်နှစ်ငါ့ယာခင်းမှာ သခွားသီးတွေဟာ ခွေးလေးနို့စို့သလို အများကြီးသီးပေ တယ်။ ငါ့ ယာခင်းကို ငါ မစွန့်နိုင်"လို့ ပြောဆိုငြင်းပယ်သတဲ့။

မြင်းခံကလည်း "ဟယ်...တောင်သူကြီး၊ သင့် သခွားသီးကိုလည်း သင်ပိုင်ရမယ်၊ မင်းစည်းစိမ်ကိုလည်း သင်စံစားရမယ်၊ မင်းစည်းစိမ်ဟူသည် အလွန်ကြီးမြတ်လှတယ်။ အဝတ်ကောင်း၊ အစားကောင်း၊ ဆင်မြင်း၊ ကျွဲ၊ နွား၊ စပါး၊ ဆန်ရေ၊ ရွှေငွေ ရတနာတို့ပေါများလှတယ်"လို့ အမျိုးမျိုး နားချရှင်းပြတဲ့အခါမှ တောင်သူကြီးဟာ သဘောပေါက်လာပြီး မင်းပြုရန် လက်ခံလေသတဲ့။လည်းပါးနပ်လိမ္မာစွာနဲ့ တောင်သူကြီးကို နန်းတွင်းဆောင်ကြဉ်း ခေါ်ဆောင်လာသတဲ့။ မိဖုရားကြီးကိုလည်း တီးတိုးအကြောင်းစုံ လျှောက်ကြားရှင်းလင်းပြသတဲ့။

မိဖုရားကြီးလည်း မြင်းခံကို အမြော်အမြင်ပညာနဲ့ ပြည့်စုံပါပေတယ်လို့ ချီးမွမ်းတော်မူသတဲ့။

mgyoe.com

mgyoe.com

အဲဒီနောက်မှာ မိဖုရားကြီးဟာ အတွင်းရေးကို အများသိလျှင် တိုင်းပြည်မှာ ဆူပူနှောင့်ယှက်မှုတွေ များပြားရှုပ်ထွေးလာမှာ စိုးရိမ်တဲ့အတွက် မင်းကြီး အနည်းငယ် နာမကျန်းဖြစ်နေတယ်လို့ အကြောင်းပြုပြီး နန်းတွင်းသွားလာမှုကို ကျပ်တည်း ကန့်သတ်လိုက်လေသတဲ့။ အဲဒီအတွင်းမှာ တောင်သူကြီးကို ထီးမူနန်းရာ လက္ခဏာ သွင်ပြင် ဝတ်စားဆင်ယင်မှုတို့ကို သင်ပြပေးသတဲ့။ အဲဒီလို သင်ပြပေးပြီး ခုနစ်ရက်မြောက်တဲ့အခါ နန်းတွင်းသူ နန်းတွင်းသား မှူးမတ် ဗိုလ်ပါများကို စုဝေးစေပြီး တောင်သူကြီးမင်းကို ညီလာသဘင်မှာ ပွဲထုတ်လေသတဲ့။

ခံ့ညားတည်ကြည်တဲ့ တောင်သူကြီးမင်းကို အားလုံးသော နန်းတော်သူ နန်းတော်သား မှူးမတ်ဗိုလ်ပါအများက လေးစားသမှု အရိုအသေပြုကြပေမဲ့ အမတ်တစ်ဦးနဲ့ နန်းတော်သူတစ်ဦးက မထိမဲ့မြင်ပြုတဲ့အတွက် အနီးရှိ ကျောက်ရုပ်က ထပြီး ထုထောင်းလေသတဲ့။

တောင်သူကြီးမင်းဟာ မိမိရဲ့ သခွားယာခင်းကို မြတ်နိုးတဲ့အတွက် မင်းဖြစ်တဲ့အခါ ဥယျာဉ်ကြီးတစ်ခုသဖွယ် ပြုစုတိုးချဲ့ပြီး နဂါးရုပ်ကြီးများ ထုလုပ်ထားသတဲ့။

အဲဒီနောက်မှာ ဘာသာရေးအတွက် အရည်းကြီးတို့နဲ့ တိုင်ပင်ပြီး ပုထိုးကြီးတစ်လုံး၊ ပုထိုးငယ်တစ်လုံး၊ ပုထိုးသားများတစ်လုံး၊ သင်လည်ပုထိုး တစ်လုံး၊ စိတ်တည်ပုဆိုးတစ်လုံး စသဖြင့် ပုထိုး ငါးလုံး တည်ခဲ့လေသတဲ့။

အဲဒီ ပုထိုးများမှာ ဘုရားရုပ်တုမပီ၊ နတ်ရုပ်မမည်သော ရုပ်တုများ ပြုလုပ်ထားရှိ ကိုးကွယ်ပြီး နေ့ရောညပါ ထမင်းဟင်း သေရည်တို့ဖြင့် တင်မြှောက်ပသလေ့ရှိသတဲ့။

mgyoe.com

mgyoe.com

ဤရာဇဝင်ထဲက သိန်းခိုမင်းရဲ့အဖြစ်ကို ထောက်ရှုပြီး ရှေးလူကြီးသူမတို့ဟာ "အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်"လို့ ဆိုရိုးပြုကာ ဆုံးမသွန်သင်တတ်ကြသတဲ့။

ကလေးတို့ရေ...ရှေးပုဂံ ရာဇဝင်တစ်ကွက် သိန်းခိုမင်းရဲ့အဖြစ်ကို သင်ခန်းစာယူကြရမယ်ကွဲ့။ အသွားအလာ အဖော်မပါဘဲ တစ်ကိုယ်တည်း သွားလာက နေရာမသင့်လျှင် ဘေးဖြစ်တတ်တယ်။ ဆိတ်ကွယ်ရာမှာ မိုက်မှားတဲ့ အပြုအမူတွေနဲ့ ကြုံတွေ့ရတတ်တယ်။ ဒါကြောင့် အသွားမတော်တဲ့အတွက် တစ်လှမ်း၊ အစားမတော်တဲ့အတွက် တစ်လုတ်ကြောင့် ဒုက္ခရောက်ရတဲ့ သိန်းခိုမင်းအဖြစ်ကို ဆင်ခြင်ကာ သတိရှိရမယ်လို့ မှတ်ကြပါကွယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျီစား ကျီစားနဲ့ အဆစ်မြုပ်

ဟိုးရှေးရှေးတုန်းက ခဝါသည် အဘိုးအိုလင်မယား ရှိသတဲ့။ တစ်နေ့တော့ မြစ်ဆိပ်မှာသွားပြီး ခဝါဖွပ်ကြတာပေါ့။ အဲဒီလို ခဝါဖွပ်နေတုန်း သဖန်းသီးလေးတစ်လုံး မြစ်ရေစီးထဲ မျောပါလာတယ်။ သဖန်းသီးလေးမြင်တော့ အဘိုးကြီးက ဦးအောင် ပြေးဆယ်သတဲ့။ ရေဒူးဆစ်မြုပ်လောက်ထိ ဆင်းဆယ်ရတယ်။ အဲဒီလို အဘိုးကြီးက အရင်ပြေးဆယ်တာကို အဘွားကြီးက မကျေနပ်ဘူးတဲ့။

အဘွားကြီး မကျေနပ်တာ သိလို့ အဘိုးကြီးက "စားလို့ကောင်းလိုက်တာ၊ ကောင်းလိုက်တာ"လို့ဆိုပြီး သူတစ်ယောက် တည်း အကုန်စားပစ်လိုက်သတဲ့။ သဖန်းသီးကလည်း အလွန်ချိုဆိုပဲ။

အဲဒါနဲ့ အဘွားအိုက ကျန်တဲ့အဝတ်ကလေး ကမန်း ကတန်း လျှော်ဖွပ်လှန်းခဲ့ပြီး သဖန်းသီးမျောလာရာ မြစ်ညာဆီ လိုက်သွားသတဲ့။

အဘွားကြီး စိတ်ဆိုးသွားမှန်းသိလို့ အဘိုးကြီးလည်း လျှော်ပြီး အဝတ်ကလေးတွေသိမ်းကာ အဘွားကြီးနောက် ခပ်ကုပ်ကုပ် လိုက်သွားသတဲ့။

mgyoe.com

mgyoe.com

သူတို့ဟာ လိုက်သွားရင်း သွားရင်းနဲ့ မြစ်ကမ်းပါးမှာ ပေါက်တဲ့ ဇရာမ သဖန်းပင်ကြီးကို တွေ့ရသတဲ့။ အပင်အောက်မှာလည်း အသီးကြွေမတွေ့ရတော့ "အပင်ပေါ်ကို ဘယ်သူတက်ရူးမလဲ"လို့ ပြောတယ်။

အဲဒီလို အဘိုးအို အဘွားအိုတို့ သူတက် ငါတက် အချီအချ ပြောနေတုန်း အပင်ပေါ်က ရှူးရှူးနဲ့အသံကြားရတယ်။ သေသေချာချာ မော့ကြည့်လိုက်တော့ ဇရာမမြွေကြီးတစ်ကောင်ကို တွေ့ကြရသတဲ့။

အမယ်အိုက ကြောက်ကြောက်နဲ့ပဲ "အသင်မြွေမင်း၊ သမီးအကြီးလိုချင်ရင် တစ်လုံးချပေးပါ"လို့ ပြောလိုက်သတဲ့။ အမယ်အိုမှာက မကြီး၊ မလတ်၊ မထွေး ဆိုပြီး သမီးသုံးယောက်ရှိတာကိုး။

အမယ်အို အဲဒီလိုပြောတော့ မြွေကြီးက အမြီးနဲ့ပုတ်ပြီး တစ်လုံးသာ ချပေးလိုက်သတဲ့။ ဒီတစ်ခါ အမယ်အိုက ဦးခင်အောင်ကောက်ပြီး စားကြည့်တော့ သိပ်ချိုတာကို သိရတယ်။ ဒါနဲ့ အိမ်က သမီးတို့ဖို့လည်း ယူသွားချင်တော့ အပင်ပေါ်မော့ပြီး "မြွေမင်းကြီးရယ်၊ သမီးအလတ် လိုချင်ရင် တစ်လုံးချပေးပါဦး"လို့ အဘွားအိုက ဆိုပြန်တယ်။

အဲဒီအခါ မြွေကြီးကလည်း တစ်လုံးခြွေချပေးလိုက်ပြန်တယ်။ နောက်တစ်ဖန် အမယ်အိုက "ကဲ...မြွေမင်းကြီးရယ်၊ နောက်ဆုံးမွေးတဲ့ သမီးမယ်ထွေးလေးလိုချင်ရင် တစ်လုံးချပေးပါဦး" လို့လည်း ပြောလိုက်ရော မြွေကြီးဟာ အမြီးနဲ့ယမ်းပြီး သဖန်းသီးတွေကို အကုန်ခြွေချပေးလိုက်သတဲ့။

အဘိုးအို အဘွားအိုတို့ဟာ အလုအယက် ကောက်ကြ၊ ထုပ်ပိုးကြနဲ့ပေါ့လေ။ နောက်ဆုံးတောင်းနဲ့ အပြည့်အမောက်

mgyoe.com

mgyoe.com
ကောက်ထည့်ပြီး ပြန်ခဲ့သတဲ့။

အဲဒီလို ပြန်လာတော့ လမ်းမှာ တောင်ပို့တစ်ခုတွေ့တယ်။ "အဘိုးကြီး အဘွားကြီး ဘယ်ကပြန်လာတုံး၊ သဖန်းသီးတွေများ လှုပါလား၊ ကျွန်ုပ် တစ်လုံးပေးခဲ့ပါလား"လို့ နှုတ်ဆက်တော့ အဘွားအိုက "တို့ ခဝါဖွပ်က ပြန်လာတယ်၊ မြွေကြီးတစ်ကောင် လိုက်လာရင် ငါတို့ ဒီလမ်းကပြန်တယ် မပြောပါနဲ့"လို့ ပြောပြီး ရေသဖန်းသီး တစ်လုံး ပေးခဲ့သတဲ့။ တောင်ပို့ကလည်း "ကောင်းပါပြီ၊ ကောင်းပါပြီ"လို့ ပြောလိုက်သတဲ့။

အဲဒီလိုနဲ့ အမယ်အိုလင်မယားဟာ လာလိုက်ကြတာ တစ်နေရာမှာ သစ်ငုတ်တိုကြီးတစ်ခုနဲ့ ဆုံပြန်ရော။ သစ်ငုတ်တိုကြီးကလည်း နှုတ်ဆက်၊ အမယ်အိုကြီးကလည်း "မြွေကြီးလိုက်လာရင် မပြောပါနဲ့"ဆိုပြီး သဖန်းသီးတစ်လုံးပေးခဲ့ကာ ခပ်သုတ်သုတ် ပြန်ခဲ့ကြသတဲ့။

အိမ်ရောက်တော့ အမော့အပန်းဖြေပြီး သမီးတွေကိုလည်း သဖန်းသီးတွေ ဝေငှပေးကြတာပေါ့လေ။ အမယ်အိုလည်း မြွေကြီးကို လှည့်စားလာနိုင်လို့ ကျိတ်ဝမ်းသာနေသတဲ့။ ဒါနဲ့ မကြာခင်ပဲ မြွေကြီးဟာ အဘိုးအို အဘွားအိုတို့နောက် လိုက်လာပါလေရော။ လမ်းမှာ တောင်ပို့ကြီးတွေ့တော့ "အို...တောင်ပို့ကြီး၊ ဒီလမ်းက အဘိုးအို အဘွားအိုတို့ ဖြတ်သွားတာ မတွေ့လိုက်ဘူးလား"လို့ မေးတဲ့အခါ တောင်ပို့က "မတွေ့ပေါင်ဗျာ၊ ကြံကြီးစည်ရာ ကတ်သီး ကတ်သတ်"လို့ မပြောချင်ပြောချင် ပြောသတဲ့။

ဒီတော့ မြွေကြီး စိတ်ဆိုးပြီး "ဟယ်...တောင်ပို့၊ ဘာမဟုတ် တရုတ် ပြောသတုံး၊ သင့်လက်ထဲ ငါ့သဖန်းသီး မဟုတ်လား၊ ဂူး တစ်ပေါက် နှစ်ပေါက် ပေါက်လိုက်ရ"လို့ ပါးပျဉ်းထောင် ခြိမ်းခြောက်

mgyoe.com

mgyoe.com


လိုက်သတဲ့။

ဒီအခါမှ တောင်ပို့က "သွားလေဗျား သွားလေဗျား"လို့ ဆိုလိုက်သတဲ့။

မြွေကြီးလည်း ဆက်လိုက်လာရာက သစ်ငုတ်တိုကြီးနဲ့ တွေ့ပြန်တယ်။

"အို...သစ်ငုတ်ကြီး ဒီလမ်းက အဘိုးအို အဘွားအိုတို့ သွားတာ မတွေ့လိုက်ဘူးလား"လို့ မြွေကြီးက မေးပြန်တယ်။

သစ်ငုတ်တိုကလည်း "အို...ဘယ်ကလာ ကြဲကြီးစည်ရာ ဗျာ၊ ကတ်သီးကတ်သတ်"လို့ မဲ့ရွဲ့ဆိုသတဲ့။

မြွေကြီးလည်း စိတ်ဆိုးသွားပြီး "ဟယ်...သစ်ငုတ်၊ ဘာ မဟုတ်တရုတ် ပြောသတုံး၊ သင့်ဆီ ငါ့သဖန်းသီး မဟုတ်လား၊ ဂူး တစ်ပေါက်နှစ်ပေါက် ပေါက်လိုက်ရ"လို့ ပါးပျဉ်းထောင် ခြိမ်းခြောက် လိုက်တော့ သစ်ငုတ်ကလည်း ကြောက်လန့်ပြီး "သွားလေဗျား သွားလေဗျား"လို့ ဆိုလိုက်သတဲ့။

အဲဒီလိုနဲ့ မြွေကြီးဆက်လိုက်လာရာ အဘိုးအို အဘွားအို တို့ အိမ်ရောက်လာပြီး မီးခိုချောင်ဒန်အိုးထဲ ဝင်ခွေနေလိုက်သတဲ့။

ခဏကြာတော့ အမယ်အိုလည်း ထမင်းချက်မယ်လို့ ဆန်အိုးထဲ ဆန်ခြင်ဖို့ လက်နှိုက်လိုက်သတဲ့။ အဲဒီအခါ မြွေကြီးက အမယ်အိုရဲ့လက်ကို တစ်ခါတည်း ပတ်ထားလိုက်တော့တယ်။

အမယ်အိုလည်း ထိတ်လန့်ပြီး "အို...မြွေမင်းကြီး သမီး အကြီးလိုချင်ရင် တစ်ပတ်လျှော့ပါ"လို့ ဆိုလိုက်တဲ့အခါ မြွေကြီးက တစ်ပတ်သာ လျှော့သတဲ့။ တစ်ဖန် "သမီးအလတ်လိုချင်ရင် တစ် ပတ်လျှော့ပါ"လို့ ဆိုတော့လည်း တစ်ပတ်ပဲလျှော့သတဲ့။ ဒါနဲ့ အမယ်အိုလည်း "နောက်ဆုံးမွေးတဲ့ မယ်ထွေးလိုချင်ရင် တစ်ပတ်

mgyoe.com

mgyoe.com

လျှော့ပါဦးလို့ ဆိုတဲ့အခါ မြွေကြီးက အကုန်လျှော့ချ ဖြေပေးလိုက်သတဲ့ကွယ်။

"အင်း...ဒီတစ်ခါတော့ မြွေကြီးကို လှည့်စားလို့ မရတော့ဘူး။ ဒီတစ်ခါလှည့်စားရင် ရန်များတော့မှာပဲ"လို့ အမယ်အိုက တွေးဆပြီး သမီးအကြီးကို နားချသတဲ့။

"ချစ်သမီး၊ အမေ့ကို ထောက်ထားပြီး မြွေကြီးနဲ့ လက်ထပ်နိုင်ပါ့မလား"လို့ အမေအိုက မေးသတဲ့။

ဒီအခါ သမီးကြီးက "အို...အမေရယ်၊ အမေရယ်၊ အမေ့သမက် ပြောက်တိပြောက်ကျား သမီးကြောက်လှပါတယ်"လို့ ဆိုသတဲ့။

ဒါနဲ့အမယ်အိုလည်း သမီးလတ်ကို ချော့ရပြန်တယ်။ "သမီးလတ်၊ အမေ့ကိုညှာတာရင် မြွေကြီးနဲ့ လက်ထပ်ပါ"လို့ ဆိုတော့ သမီးလတ်ကလည်း "အို...အမေရယ်၊ အမေရယ်၊ အမေ့သမက် ပြောက်တိပြောက်ကျား သမီးကြောက်လှပါတယ်"လို့ သမီးကြီးနည်းတူ ဆိုလေသတဲ့။

ဒါနဲ့အမယ်အိုလည်း သမီးငယ် မယ်ထွေးကို နားချရပြန်တယ်။

"ချစ်ဆုံး မယ်ထွေး၊ သမီးလေး
ဖြည်းဖြည်းနားဆင်ပါ၊
မယ့်မယ့်သနား မြွေမင်းသား
စုလျားလက်ထပ်ပါ"
လို့ အမယ်အိုက ဆိုလိုက်လေသတဲ့။

ထိုအခါ မယ်ထွေးလေးက လိမ္မာယဉ်ကျေးသူဖြစ်လေတော့...

mgyoe.com

mgyoe.com

"သမီးသက်လှယ် ချစ်မယ်မယ်
အမယ်ပေးစား၊ ချစ်သနား
ထောင်နားဆင်ပါ၊ နာခံပါမယ်
လို့ မယ်ထွေးလေးက ဆိုလိုက်လေသတဲ့။

ဒီတော့မှ အမယ်အိုလည်း သက်ပြင်းချနိုင်ပြီး သမီး မယ်ထွေးနဲ့ မြွေကြီးနဲ့ ပေးစားလိုက်ရောတဲ့။

မယ်ထွေးလေးဟာ မြွေကြီးကို ရေမိုးချိုး အမွှေးနံ့သာ ပက်ဖျန်းပြီး ထမင်း၊ နွားနို့ ကျွေးမွေးသတဲ့။ ညမှာတော့ မြွေပခြုပ်ကို သူ့အိပ်ရာဘေး ထားအပ်သတဲ့။

မယ်ထွေးနဲ့ မြွေကြီးရဲ့ မင်္ဂလာဦးညမှာပဲ မယ်ထွေးလေး အိပ်ရာထက် အလွန်လှပတဲ့ မင်းသားတစ်ပါး ရောက်လာပြီး နဖူး ဖွဖွနမ်းလို့ မယ်ထွေးနဲ့ အိပ်စက်တယ်လို့ မြင်မက်သတဲ့။

နောက်ညတွေမှာလည်း မယ်ထွေးဟာ ဒီလိုပဲ ဆက်ဆက် အိပ်မက်မက်သတဲ့။ ဒါနဲ့ မယ်ထွေးဟာ သူ့အိပ်မက်အကြောင်းကို အမေအိုကို ပြောပြသတဲ့။

အမယ်အိုလည်း မယ်ထွေးအိပ်မက်ကို ဆင်ခြင်ပြီး နောက် ညမှာ မအိပ်ဘဲ တစ်နေရာက ချောင်းကြည့်နေသတဲ့။

ညသန်းခေါင်လောက်မှာတော့ ထင်တဲ့အတိုင်းပဲ ပခြုပ်တွင်းက လှုပ်ရှားသံတွေကြားရပြီး ခဏအကြာမှာ အလွန်လှပတဲ့ မင်းသားလေး တစ်ပါး ပေါ်ထွက်လာပြီး မယ်ထွေးနဖူးလေး ဖွဖွနမ်းလို့ နံဘေးမှာ လှဲအိပ်လေသတဲ့။

အမယ်အိုဟာ အလွန်အံ့ဩနေရာက သတိရပြီး ပခြုပ်ကို အသာယူကာ မီးဖိုချောင်သွားကြည့်သတဲ့။ သူထင်တဲ့အတိုင်းပဲ ပခြုပ်ထဲမှာ မြွေရေခွံကြီးပဲ တွေ့ရတယ်။ ဒါနဲ့ အမယ်အိုဟာ မြွေရေခွံကို

mgyoe.com

mgyoe.com
မီးပုံရှို့လိုက်သတဲ့။

မြွေမင်းသားဟာ "အံမယ်လေး...ပူလှချည့် လောင်လှချည့်" ဆိုပြီး မီးဖိုထဲပြေးလာတယ်။ နောက် ကြမ်းပြင်ထဲ လူးလိမ့်နေပါရော။ မယ်ထွေးလည်း အိပ်ရာကနိုး ကမန်းကတန်းပြေးလာပြီး မြွေမင်းသားကို ရေနဲ့ဖျန်းပေးသတဲ့။ နောက် အမွှေးနံ့သာပါ ပက်ဖျန်းပေးတော့မှ မြွေမင်းသားလည်း ပူလောင်ခြင်းမှ သက်သာလာသတဲ့။

မြွေမင်းသားဟာ သူ့မြွေရေခွံမရှိတော့ ပြန်မဝင်ဘဲ လူ့ဘဝနဲ့ပဲ မယ်ထွေးနဲ့ ချစ်ခင်စွာ ပေါင်းသင်းနေထိုင်လေသတဲ့။

မယ်ထွေးနဲ့ မြွေမင်းသားတို့ အဲဒီလို ချစ်ချစ်ခင်ခင်နေထိုင်ကြတာမြင်တော့ မကြီးနဲ့ မလတ်ဟာ မနာလိုဖြစ်မိကြသတဲ့။ အားလည်း အားကျတာပေါ့လေ။ ဒါနဲ့ အမေကြီးကို မြွေရှာပေးဖို့ ပူဆာကြတာပေါ့။

အမယ်ကြီးကလည်း နားပူလွန်းတော့ "အစက ပေးစားတုန်းကတော့ မယူ၊ ခုမှ တပူပူနဲ့"ဆိုပြီး မြည်တွန်တာပေါ့။

နားပူလွန်းမကပူတော့ အမယ်အိုက တစ်နေ့မှာ မြွေမင်းသားကို ပြောသတဲ့။

"မယ်မယ့်ချစ်သား၊ မြွေမင်းသား
တခြားအသိ၊ မြွေတွေရှိက
အမိ ဆက်သွယ်ပေးပါဦး"လို့ ပြောသတဲ့။
ထိုအခါ မြွေမင်းသားက...
"ကရုဏာရှင်၊ အို...မိခင်
အသင်လူသား၊ ကျွန်ုပ်အား
မြွေများ မမှတ်မိတော့ပါ။
မှတ်မိနိုင်ပြား

mgyoe.com

mgyoe.com

မျိုးတူကား အခြားမရှိပါ”လို့ ပြန်ဖြေသတဲ့။

အဲဒီလို မြွေမင်းသားက သူ့လို လူဘ၀ပြောင်းနိုင်တဲ့ မြွေမျိုး မရှိပါဘူးလို့ ရှင်းပြပေမဲ့ သမီးနှစ်ယောက်က ပူဆာလွန်းတာကြောင့် နားမခံသာဘဲ ပခြုပ်တစ်ခုယူပြီး မြွေအရှာထွက်ခဲ့ရသတဲ့။

အဲဒီလို မြွေရှာထွက်ရာက တစ်နေ့တော့ တောစပ်မှာ အိပ်ပျော်နေတဲ့ စပါးကြီးမြွေကြီးတစ်ကောင်ကို တွေ့ရသတဲ့။ အဲဒါနဲ့ အမယ်အိုလည်း ၀မ်းသာအားရနဲ့ တုတ်နဲ့ကော်ကာ ပခြုပ်တွင်းထည့် သယ်ဆောင်လာခဲ့သတဲ့။

အိမ်ရောက်တော့ သမီးနှစ်ယောက်ဟာ သူရထိုက် ငါရထိုက် ငြင်းခုံကြသတဲ့။ ဒီအခါ အမယ်အိုက “နေဦး...ငါမေးဦးမယ်”လို့ ပြောပြီး မြွေကြီးကို “သမီးကြီးယူမည်လော၊ သမီးလတ်ယူမည် လော”လို့ မေးသတဲ့။

မြွေကြီးက အပြင်းအပြ အိပ်မောကျနေတော့ တုတ်တုတ် တောင် မလှုပ်ဘူးပေါ့ကွယ်။ နောက်တော့ အမေအိုဟာ သမီးကြီးနဲ့ ပေးစားဖို့ ယတိပြတ် ဆုံးဖြတ်ပြီးပေးစားလိုက်သတဲ့။

သမီးကြီးကလည်း မယ်ယ်ထွေးလိုပဲ မြွေကြီးကို ရေချိုး၊ ထမင်းကျွေးပေါ့လေ။ ညမှာ နံ့သာပခြုပ်ထားအိပ်တယ်။ မြွေ မင်းသားထွက်လာနိုးနဲ့ စောင့်ရင်း အိပ်ပျော်သွားသတဲ့။

သန်းခေါင်လောက်ရောက်တော့ မြွေကြီးဟာ ရိုးရိုးစပါးကြီး မြွေကြီး ဖြစ်လေတော့ ပခြုပ်ကထွက်ပြီး မကြီးကို ခြေထောက်က စမျိုပါလေရော။

မကြီးလည်း လန့်နိုးပြီး တစ်ဖက်ခန်းမှာရှိတဲ့ အမေအိုကို ခေါ်နှိုးလေသတဲ့။ “အမေ...အမေ ကျွန်မခြေဆစ် မြွေကြီးမျိုနေ ပါပြီ”လို့ အော်တော့ တစ်ဖက်ခန်းက အမေအိုက...

mgyoe.com

mgyoe.com

"အို...သမီးရယ်၊ သမီးရယ်၊ ချစ်လို့ ကျီစားတာပါကွယ်" လို့ ပြောပြီး ပြန်အိပ်သတဲ့။

နောက်ခဏကြာတော့ မကြီးက "အမေရယ်၊ အမေရယ် မြွေကြီး တကယ်မျိုနေတယ်၊ ဒူးဆစ် ဒူးဆစ်"လို့ အော်ပြောပြန်တယ်။ ထိုအခါ အမယ်အိုက...

"မကြောက်ပါနဲ့ သမီးရယ်၊ မကြောက်ပါနဲ့ သမီးရယ်၊ မြွေကြီးချစ်လို့ ကျီစားတာပါကွယ်"လို့ ပြန်ပြောသတဲ့။

နောက်တစ်ခါ မကြီးက "အမေ အမေ ကျီစား ကျီစားနဲ့ ခါးဆစ် ရောက်ပါပြီ"လို့ အော်ပြောပြန်သတဲ့။

အမေအိုကလည်း "မပူပါနဲ့ သမီးရယ်၊ ချစ်လို့ကျီစားတာပါကွယ်"လို့ ပြန်ပြောပြန်တယ်။

ဒါနဲ့ တစ်ဖန် "အမေရေ ကျီစားကျီစားနဲ့ လည်ဆစ်ရောက်ပြီ"လို့ အော်ပြန်တော့ အမယ်အိုက "မစိုးရိမ်နဲ့သမီးရယ်၊ ချစ်လို့ ကျီစားတာပါကွယ်"လို့ ပြန်ပြောပြန်သတဲ့။

နောက် သမီးကြီးအသံ မကြားရတော့ မြွေကြီးနဲ့ မကြီး တော့ အဆင်ပြေကြပြီဆိုပြီး စိတ်ချလက်ချ အိပ်လိုက်ကြသတဲ့။

မိုးလင်းလို့ ငြိမ်ချက်သားကောင်းနေတဲ့သမီးအခန်း ချောင်းမြောင်းကြည့်လိုက်တော့မှ ဝမ်းဗိုက်ကြီးဖောင်းနေတဲ့ မြွေကြီးကိုသာ အစန့်သား တွေ့ရပြီး သမီးကြီးကို မတွေ့ရဘူးတဲ့။ တကယ်တော့ မြွေကြီးဟာ မကြီးကို တစ်ကိုယ်လုံး မျိုထားလိုက်တာပဲ။

ဒီတော့မှ အမယ်အိုဟာ ရင်ဘတ်စည်တီးနဲ့ တစ်ခါတော့ ကိုယ်ကျိုးနည်းပြီးဆိုပြီး ငိုယိုကာ မယ်ထွေးတို့ မြွေမင်းသားတို့ အခန်းပြေးလာပြီး ပြောသတဲ့။

"မကြီး အသက်ဆုံးတော့မယ်၊ မြွေကြီးကို ခုတ်ပိုင်း ဖောက်ခွဲ

mgyoe.com

mgyoe.com

ပြီး မကြီးကို ကယ်ပါကွယ်"လို့ မြွေမင်းသားကို ပြောသတဲ့။

မြွေမင်းသားကလည်း "မိခင် တခြား အိမ်နီးချင်းတွေကို အကူအညီတောင်းပါ၊ ကျွန်ုပ်ခုတ်ပိုင်းလို့ မြွေသွေးစွန်းရင် ဒုက္ခရောက်ပါလိမ့်"လို့ ပြန်ပြောသတဲ့။ အဲဒီတော့ အမယ်အိုက "တို့အတွင်းရေးတွေ တခြားလူတွေသိ ရှက်စရာကွယ်။ ခုတ်သာ ခုတ်ပါ၊ အားကောင်းမောင်းသန် ယောကျ်ားဆိုလို့ မင်းပဲရှိတာပဲ"လို့ မရမနေ ပြောတော့ မြွေမင်းသားဟာ နောက်ဆုံး မငြင်းသာတော့ဘဲ ဓားယူကာ ခုတ်ပိုင်းလိုက်လေသတဲ့။

အဲဒီအခါ မြွေကြီးက သွေးစဉ်ပြီး မြွေမင်းသားကို စွန်းသွားတာကြောင့် မင်းသားလေးဟာ ချက်ချင်း မြွေပြန်ဖြစ်သွားပါလေရော။

မယ်ထွေးတို့ သားအမိဟာ ဒီတော့မှ ရင်ဘတ်စည်တီးနဲ့ တစ်ခါဖြင့် ခက်ပြီ ကိုယ်ကျိုးနည်းပြီနဲ့ ပူဆွေးငိုကြွေးကြသတဲ့။

မြွေမင်းသားဟာ မြွေပြန်ဖြစ်ပြီး တောထဲဝင်သွားတယ်။ မယ်ထွေးဟာ မြွေမင်းသားနဲ့ရတဲ့ သမီးလေး လက်ဆွဲပြီး နောက်က တကောက်ကောက် လိုက်တယ်။ မြွေမင်းသား မြွေကြီးသိတော့ "မယ်ထွေး ပြန်ပါ၊ ပြန်ပါ"နဲ့ ပြန်လွှတ်တာယ်။ တစ်ခါ တောစိတ်ဝင်လာတော့ ခွီးခနဲဆို ပေါက်မယ်ဆို လုပ်ပြန်ရော။

ဒီလိုနဲ့ နောက်ဆုံး တွင်းကြီးတစ်တွင်းထဲ ဝင်သွားတော့တယ်။ မယ်ထွေးတို့သားအမိဟာ မြွေမင်းသား မြွေကြီး ထွက်လာနိုး၊ ထွက်လာနိုးနဲ့ တွင်းဝက မျက်နှာငယ်လေးနဲ့ ထိုင်စောင့်ရင်း အချိန်သာကုန်သွားပြီး မြွေမင်းသား မြွေကြီးကတော့ ထွက်မလာတော့ဘူးတဲ့ကွယ်။

အဲဒီပုံပြင်လေးကို အကြောင်းပြုပြီး "ကျီစား ကျီစားနဲ့

mgyoe.com

mgyoe.com


အဆစ်မြုပ်"ဆိုတဲ့ စကားပုံလေး ဖြစ်ပေါ်လာသတဲ့။

ကလေးတို့ရေ...ဒီပုံပြင်လေးဟာ မြန်မာ့ရိုးရာပုံပြင်လေး ပါပဲ။ ဒီပုံပြင်လေးကို ထောက်ရှုပြီး မိဘစကားနားထောင်တဲ့ သားသမီးများဟာ ကောင်းကျိုးဖြစ်ထွန်းပြီး နားမထောင်တဲ့ သားသမီး၊ သူများမနာလိုဘဲ အတင်းတုပရင်လည်း ပျက်စီးတတ်ကြောင်း မှတ်ရမယ်ကွဲ့။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ထင်သာထင် မဝင်ဘူး ကျောင်းအမ

တစ်ခါတုန်းက ရွာတစ်ရွာမှာ အသက်အရွယ်- အိုမင်းလှတဲ့ ဘုန်းတော်ကြီးတစ်ပါး ကျောင်းထိုင်နေသတဲ့။

အဲဒီရွာမှာပဲ ဘာသာရေးတရား ရိုသေကိုင်းရှိုင်းပြီး အလွန်စေတနာသဒ္ဓါတရား ထက်သန်လှတဲ့ မုဆိုးမ ပွဲကတော်ကြီးတစ်ဦး ရှိသတဲ့။

ပွဲကတော်ကြီးဟာ ရွာဦးကျောင်းက ဘုန်းကြီးအိုကြီးကို အလွန်ကြည်ညိုတာကြောင့် နေ့စဉ်နေ့တိုင်း ဟင်းမည်အမျိုးမျိုးနဲ့ ဆွမ်းအုပ်ချက်ပို့ ကပ်လေ့ရှိသတဲ့။ ဘုန်းတော်ကြီးကလည်း အသက်အရွယ်အိုမင်းလေတော့ ဆွမ်းခံမကြွဖို့ မေတ္တာရပ်ခံတောင်းပန်ပြီး နေ့စဉ် ဆွမ်းချက် ဆွမ်းအုပ်ပို့ ကပ်လှူနေတာပေါ့။

ဒါနဲ့ တစ်နေ့မှာတော့ ပွဲကတော်ကြီးဟာ ခါတိုင်းလိုပဲ ဟင်းအမည်စုံအောင် ချက်ရာက ဘုန်းတော်ကြီး ဆွမ်းစားမြိန်အောင် ဆိုပြီး ငရုတ်သီးအစပ်တစ်ပွဲလည်း ပိုချက်ခဲ့သတဲ့။ ငါးပိကြော် စပ်စပ်လေးပေါ့ကွယ်။ ဆွမ်းကလည်း ပူပူနွေးနွေးလေးပေါ့။ အငွေ့တထောင်းထောင်းနဲ့။

mgyoe.com

mgyoe.com

ဒီလိုနဲ့ ပွဲကတော်ကြီးဟာ ကိုယ်တိုင်ချက်ပြုတ်ပြီး ဘုန်းတော်ကြီးကို ကိုယ်တိုင်ပဲကပ်ပြီး တစ်နေ့ရာကနေ ကြည်ညို နေတာပေါ့။

ဘုန်းတော်ကြီးကလည်း ပွဲကတော်ကြီးရဲ့ သဒ္ဓါတရား ထက်သန်ပုံကို အားပေးရမယ်ဆိုတဲ့စိတ်နဲ့ သကၤန်းကြီးပြင်ရုံပြီး အားရ ပါးရ ဘုဉ်းပေးမယ်လို့ ဆွမ်းပွဲမှာ ဝင်ထိုင်လိုက်တာပေါ့။

နွေရာသီဆိုတော့ အိုက်ကလည်းအိုက်၊ ဆွမ်းကလည်း အငွေ့တထောင်းထောင်းထ ပူနွေးလို့။ ဟင်းကလည်း အငွေ့ တထောင်းထောင်းပေါ့လေ။

ပွဲကတော်ကြီးကလည်း ကြည်ညိုလွန်းလို့...

"ဟင်းချိုပူပူလေး ဘုဉ်းပေးပါဦးဘုရား"ဆိုတော့ ဘုန်းတော် ကြီးကလည်း ရှုးခနဲသောက်လိုက်တာ အာခေါင်ပူဆင်းပြီး ရှုံ့မဲ့ သွားတာပေါ့။ ပွဲကတော်ကြီးကလည်း...

"ငါးပိကြော်လေး ဘုဉ်းပေးပါဦးဘုရား"နဲ့ ဘေးက သဒ္ဓါ တက်နေတာပေါ့လေ။

ဘုန်းတော်ကြီးကလည်း စိတ်ထဲက "ပွဲကတော်ကြီး သဒ္ဓါ တက်ပါစေ"ဆိုတဲ့စိတ်နဲ့ ပြောတိုင်း အားပါးတရ ဘုဉ်းပေးလေသတဲ့။

ဒီတော့ ရာသီကအိုက်၊ ထမင်းကပူ၊ ဟင်းကပူ၊ ငရုတ်သီး ကစပ်နဲ့ ဘုန်းတော်ကြီးမှာ ချွေးတွေ တသွင်သွင်ကျ၊ နှာရည်တွေ ယိုစီးကျနေလေသတဲ့။

ဘုန်းတော်ကြီးရဲ့အဖြစ်ကို ပွဲကတော်ကြီးမြင်တော့...

"တို့ ကိုယ်တော်ကြီးကတော့ ခါတိုင်းနဲ့မတူ၊ ဒီနေ့တော့ နှာရည်များပင် ယိုစီးကာ ချွေးများ ဒီးဒီကျလို့ ဆွမ်းမြိန်လှပေတယ်" လို့ အားရဝမ်းသာ ဖြစ်နေတာပေါ့။

mgyoe.com